mgyoe.com
SAMPLE BOOK



# အိမ်ထောင်သုခ

နိုင်လင်းသစ်

# A GOOD MARRIAGE

**STEPHEN KING**

mgyoe.com

mgyoe.com

SAMPLE BOOK

■

အိမ်ထောင်ရေးအခြေအနေ

ဘယ်လိုနေသလဲဟု

တစ်ယောက်ယောက်က


မေးလာခဲ့လျှင်တော့

"ကောင်းပါတယ်၊ အဆင်ပြေပါတယ်" လို့

ထိုနေ့မတိုင်မီအထိ

သူမ အဖြေပေးမိမည်သာ...

■




SPLK 2 4500
(ဘာသာပြန်ဝတ္ထု)(နဒီလင်းသစ်(ဆေး-2))အိမ်ထောင့်သူခ
CWT.KL0220


mgyoe.com

graphic design by artist aung kyaw @2022

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၆)

ပုံနှိပ်မှတ်တမ်း



အိမ်ထောင့်သုခ

**နဒီလင်းသစ်၊ဆေး-၂။**

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း - အောင်ကျော်

အတွင်းဒီဇိုင်း - နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ - ၇၀၀

စာအုပ်တန်ဖိုး - ၄၅၀၀ ကျပ်

ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း။
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နဒီလင်းသစ်(ဆေး-၂)
အိမ်ထောင့်သုခ / နဒီလင်းသစ်(ဆေး-၂)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၁၃၆၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၆) အိမ်ထောင့်သုခ

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ကားဂိုဒေါင်ထဲမှ ပစ္စည်းများကို ရှာတွေ့ပြီးသည့်နောက်ပိုင်း ဒါစီတွေး လေ့ရှိသည့် အတွေးက လူချင်းတွေ့လျှင် နှုတ်ဆက်ပုံ နှုတ်ဆက်နည်းပင်။ ပုံမှန် စကားဝိုင်းတွေမှာ လူတွေက ဘယ်တော့မှ အိမ်ထောင်ရေး အဆင်ပြေလား ဟု စမေးလေ့ မရှိ။ မေးလေ့ရှိတတ်သည်က "ပိတ်ရက်တုန်းက ဘယ်သွားလဲ"၊ "ဖလော်ရီဒါကို ခရီးသွားတာ အဆင်ပြေသလား"၊ "နေကောင်းလား"၊ "သား သမီးတွေရော ဘယ်လိုလဲ" စသည့် မေးခွန်းများသာ။ တစ်ခါတလေ "မင်း အဆင် ပြေရဲ့လား" ဟု မေးတတ်သော်လည်း "မင်းအိမ်ထောင်ရေး ဘယ်လိုနေလဲ" ဟု ဘယ်သူမှ မမေး။

မေးခဲ့လျှင်လည်း "ကောင်းပါတယ်။ အားလုံး အဆင်ပြေပါတယ်" ဟု ထိုနေ့မတိုင်မီအထိ သူမ အဖြေပေးမိမည်သာ။

အမည်ရင်း ဒါဆယ်လင်း မက်ဒီဆင်ကို ဂျွန်အက်ဖ် ကနေဒီ သမ္မတ အဖြစ် ရွေးကောက်ခံရသည့်နှစ်တွင် မွေးသည်။ ဒါဆယ်လင်းဆိုသည့် အမည်ကို မိဘနှစ်ပါးက အသစ်စက်စက် ဝယ်ယူလာသော ကလေးအမည်ပေး စာအုပ်ထဲမှ နှစ်ဦးသဘောတူရွေးပြီး ပေးထားခြင်း ဖြစ်သည်။ မိန်းပြည်နယ် ဖရီးပို့တ်တွင် ကြီးပြင်းခဲ့ပြီး သူမအရွယ်ရောက်သည့်အချိန်အထိ အမေရိကန်တွင် ပထမဆုံး စူပါစတိုးဆိုင်ကြီးဖြစ်သော အယ်လ်အယ်လ်ဘင်းန်နှင့် အခြားလက်လီ အရောင်း

mgyoe.com

mgyoe.com

SAMPLE BOOK


ဆိုင်များ ဒါဇင်ဝက်ခန့်ပင် မပေါ်သေး။ ဖရီးပို့တ် အထက်တန်းကျောင်းမှ အောင် မြင်ပြီးနောက် အက်ဒီဆင်စီးပွားရေးတက္ကသိုလ် တက်ခဲ့သည်။ ထိုကျောင်းမှပင် အတွင်းရေးမှူးအတတ်တို့ကို သင်ယူတတ်မြောက်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဂျိုး ရမ်ဆန် ရှက်ဗရိုလေးက ကိုယ်ရေးအရာရှိအဖြစ် ငှားရမ်းခဲ့ပြီး သူမ အလုပ်ထွက် လိုက်ချိန်တွင် ထိုလုပ်ငန်းက ပို့တ်လန်းတခွင် အကြီးဆုံး ကားအရောင်းဆိုင်ကြီး ဖြစ်နေခဲ့ပြီ။ သူမက အနေအေးသည်။ သို့ရာတွင် ခေတ်မီသော သူငယ်ချင်းမ နှစ်ယောက်ကြောင့် အလုပ်ခွင်တွင် သင့်တော်မည့် မိတ်ကပ်လိမ်းနည်း၊ သောကြာ နှင့် စနေညများတွင် အပြင်ထွက်လည်လျှင် ဆွဲဆောင်မှုရှိအောင် ပြင်ဆင်နည်း များကို သင်ယူပြီး "မက်ဆီကန်မိုက်" သို့မဟုတ် "မီးပြတိုက်" စသည့် စားသောက် ဆိုင်များတွင် စင်တင်တေးဂီတကို ခံစားလေ့ရှိကြသည်။

၁၉၈၂ ခုနှစ်တွင် ဂျိုးရမ်ဆန်က ပို့တ်လန်းစာရင်းစစ်အဖွဲ့ကို ငှားပြီး အခွန်ဆောင်ရမည့် ကိစ္စများကို ရှင်းစေသည်။ "မင်း လိုလိုချင်ချင် ရှိလောက်မယ့် ပြဿနာမျိုး" ဟု သူက စီနီယာ အရောင်းဝန်ထမ်းတစ်ဦးအား ရှင်းပြနေသည်ကို ဒါစီ နားစွန်နားဖျား ကြားလိုက်ရပြီး သိပ်မကြာမီ လက်ဆွဲအိတ်ဆွဲထားသည့် လူနှစ်ဦး သူမတို့ဆီ ရောက်လာသည်။ အသက်ကြီးကြီးတစ်ဦးနှင့် အသက်ငယ်ငယ် တစ်ဦး။ နှစ်ဦးစလုံးက မျက်မှန်တပ်ထားပြီး အနောက်တိုင်းဝတ်စုံ ပုံတုံးတုံးကြီးကို ဝတ်ထားသည်။ နဖူးပေါ် အောင် ဆံပင်တိုတိုကို သေသေသပ်သပ်ဖြီးထားပုံမှာ မေမေ့ ၁၉၅၄ ခုနှစ်ထုတ် အထက်တန်းကျောင်းလိပ်စာ စာအုပ်မှ အော်လံကိုင် ထားသော ပန်းပွားအဖွဲ့ဝင် အမျိုးသားတစ်ဦး၏ပုံကို သတိရသွားစေသည်။

အသက်ငယ်ငယ် စာရင်းကိုင် နာမည်က ဘော့ဘ်အင်ဒါဆင်။ သူတို့ အတူ တွဲလုပ်ပြီး ဒုတိယနေ့တွင် နှစ်ဦးသား စကားပြောရင်း ပြဿနာများကို ဖလှယ်မိကြသည်။ သူက အကြွေစေ့စုသမား ဟု ပြောပြသည်။

သူက သူမကို အကြွေစေ့စုသည့် အကြောင်းကို ရှင်းပြမည်အပြု သူမက-

"ကျွန်မ သိပါတယ်။ အဖေက လေဒီလေဘာတီ ခေါင်းပါတဲ့ ဆယ်ပြား စေ့တွေ၊ ကျွဲခေါင်းပါတဲ့ ငါးပြားစေ့တွေ စုထားတတ်တယ်။ အဲ့ဒါတွေက သူအလို ချင်ဆုံး ရှားပါးရတနာတွေပဲတဲ့။ ရှင့်မှာရော အလိုချင်ဆုံး အကြွေစေ့ရယ်လို့ မရှိ ဘူးလား မစ္စတာ အင်ဒါဆင်" ဟု မေးမိသည်။

ရှိသည်။ ပဲနီစေ့များ။ သူ့အကြီးမားဆုံး မျှော်လင့်ချက်က တစ်နေ့နေ့ တွင် ၁၉၅၅ ဟု သက္ကရာဇ် နှစ်ကြိမ် ရိုက်ထားသော အကြွေစေ့ ရှာတွေ့ရေးပင်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကိုလည်း သူမက နားလည်လိုက်ပြန်သည်။ ထို ၅၅ ခုနှစ်ထုတ် သက္ကရာဇ်နှစ်ကြိမ်ပါ အကြွေစေ့သည် အမှားအယွင်းကြောင့် ဖြစ်လာခြင်း ဖြစ်သည်။ သို့ရာတွင် တန်ဖိုးရှိသော အမှားမျိုး။

ဆံပင်ထူထူကို ပိပြားနေအောင် ဖြီးထားသော မစ္စတာ အင်ဒါဆင်က ထိုအဖြေကြောင့် အလွန်ကျေနပ်သွားဟန် ရှိသည်။ သူက သူမကို ဘော့ဘ်ဟုသာ ခေါ်ခိုင်းသည်။ ထိုနေ့ နေ့လယ်စာကို ဘော်ဒီရှော့ပ်ဆိုင် နောက်ကျောရှိ ခုံတန်းကလေးတွင် ထိုင်စားကြသည်။ သူ့အတွက် တူနာငါးနှင့် မုယောစပါး၊ သူမအတွက် ဂရိစတိုင် အသုပ်တစ်ပွဲ စားကြရင်း စနေနေ့တွင် ကာဆယ်လ် ရော့ခ်မှ လေဟာပြင်အဟောင်းဈေးတန်းကလေးကို အဖော်လိုက်ပေးနိုင်မလားဟု မေးသည်။ သူက တိုက်ခန်းကလေးတစ်ခု ငှားထားသည့်အတွက် ပက်လက်ကုလားထိုင်တစ်လုံးနှင့် တီဗွီတစ်လုံး လိုအပ်နေသည်။ "ပေါ်ချောင်ကောင်း" ပစ္စည်းကလေးတွေ ရလေမလားဆိုသည့် အတွေးနှင့် ဖြစ်၏။ ထို "ပေါ်ချောင်ကောင်း" ဆိုသည့် စကားရပ်သည် နောင်နှစ်များအတွင်း သူမအတွက် သက်တောင့်သက်သာ အသားကျသွားသည့် စကားလုံးလေးဖြစ်သည်။

သူကလည်း သူမနည်းတူ ခပ်ရိုးရိုး။ လမ်းတွင် ဘေးမှဖြတ်သွားလျှင်ပင် သတိထားမိမည့် လူစားမျိုး မဟုတ်။ ဘယ်တော့မှ ပြင်ပြင်ဆင်ဆင်မနေ။ သို့သော် ခုံတန်းကလေးတွင် တူတူထိုင်မိသည့်နေ့ကမူ သူက အကျအန ပြင်ဆင်လာ၏။ သူမကို အဖော်လိုက်ပေးမလားဟု မေးသည့်အချိန် သူ့မျက်နှာက နီနေသည်။ လိမ်းထားသည့် အသားလှဆီကြောင့် သူ့မျက်နှာက ဝင်းနေ၏။

"အကြွေစေ့တွေ သွားကြည့်ဖို့ အစီအစဉ်ရော မပါဘူးလား။" သူမက စလိုက်တော့ သူက ပြုံးသည်။

သူပြုံးလိုက်စဉ် သွားသေးသေးလေးတွေက ညီညီညာညာ ပေါ်လာသည်။ အသေအချာ သ,ထားသော ဖြူဖွေးသည့် သွားကလေးများ။ ထိုသွားကလေးများအကြောင်း တွေးမိတိုင်း ကြက်သီးထမိမှန်း ထိုစဉ်က သူမ ဘာကြောင့် မတွေးမိခဲ့သလဲ စဉ်းစားမရပေ။

"စိတ်ဝင်စားစရာကောင်းတဲ့ အကြွေစေ့လေးတွေ တွေ့ရင်တော့လည်း ဝင်ကြည့်မှာပေါ့လေ"

"ပဲနီစေ့ပေါ့ ဟုတ်လား"

"ဟုတ်ပ။ ခင်ဗျားလိုက်မယ် မဟုတ်လား ဒါစီ"

mgyoe.com

mgyoe.com SAMPLE BOOK

သူမ လိုက်သွားဖြစ်ခဲ့ပါသည်။ ဒီလိုနှင့်ပဲ ဒေါ်ကျောင်နောက် ဆံထုံးပါ ဖြစ်ခဲ့ရသည်။ အိပ်ရာထဲမှ ကိစ္စများက ရံဖန်ရံခါ။ ဒါသည်ပင် သူမကိုယ်သူမ ပုံမှန်ဖြစ်ပြီး ပါရမီဖြည့်ဘက်အဖြစ် ခံယူခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ဘော့ဘ် ရာထူးတက်သည်။ ဒါစီ့ထောက်ပံ့အားပေးမှု၊ အကူအညီတို့ဖြင့် အမေရိကန် အကြွေစေ့နှင့် အမှတ်တရပစ္စည်းများကို အမှာစာဖြင့် ရောင်းချပေးပို့သော လုပ်ငန်းသေးသေးလေးကို စတင်နိုင်ခဲ့သည်။ ထိုအလုပ်က အစတည်းက အောင်မြင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်သို့ ရောက်ချိန်တွင် ဘေ့စ်ဘောကစားသမားများပုံပါသည့် အမှတ်တရ ကတ်ပြားများနှင့် ရုပ်ရှင်အောက်မေ့ဖွယ် အမှတ်တရပစ္စည်းများ အရောင်းအဝယ်လုပ်သည်အထိပင် တိုးချဲ့လိုက်သေးသည်။ သူက နံရံကပ်ပိုစတာများ၊ ကတ်ပြားများကို ဘယ်တော့မှ လက်ဝယ်မထားသော်ငြား မေးမြန်းစုံစမ်းသူရှိလျှင် မရရအောင် ရှာပေးနိုင်သည်။ တကယ်တမ်း ရှာပေးရသူက ဒါစီ။ ကွန်ပျူတာများမပေါ်ခင် ခေတ်က စားပွဲတင်မှတ်စုစာအုပ်ထဲ ပွနေအောင် မှတ်ထားပြီး နိုင်ငံအနှံ့ဖုန်းခေါ်ကာ ရှာရခြင်းမျိုးဖြစ်သည်။ ထိုအလုပ်က အချိန်ပြည့် လုပ်ငန်းအဖြစ် ကြီးထွားလာခြင်း မရှိသဖြင့် လင်မယားနှစ်ယောက်လုံးအတွက် အဆင်ပြေသည်။ နှစ်ဦးစလုံးကလည်း ဒါကို အချိန်ပြည့်လုပ်ငန်း မဖြစ်လာစေချင်။ ပေါ်နဲလ်ဘက်တွင် အိမ်ဝယ်လိုက်ခြင်း၊ ကလေးယူခြင်း စသည့် ကိစ္စများတွင်လည်း လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ။ နှစ်ဦးသား သဘောထား မတိုက်ဆိုင်ပါကလည်း တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိရှိ အလျှော့ပေးတတ်ကြသည်။ အများအားဖြင့်တော့ သဘောထားတိုက်ဆိုင်သည်က များသည်။ နှလုံးသားချင်း ရင်ဘတ်ချင်းနီးကြသည်ဟု ဆိုလေမလား။

အိမ်ထောင်ရေး အခြေအနေ ဘယ်လိုနေသလဲဟု တစ်ယောက်ယောက်က မေးလာလျှင်တော့ "ကောင်းပါသည်။ အဆင်ပြေသည်" ဟု ဖြေမိမည်သာ။ သားအကြီးဆုံး ဒွန်နီ့ကို ၁၉၈၆ ခုနှစ်တွင် မွေးပြီးနောက် ကလေးထိန်းရန် ဒါစီ အလုပ်ထွက်လိုက်သည်။ အင်ဒါဆင်အကြွေစေ့နှင့် အမှတ်တရပစ္စည်းလုပ်ငန်းတွင် ကူပေးနေရင်း အထူးတလည် ကိုယ်ဝန်တားထားခြင်းမျိုး မရှိသော်လည်း ၁၉၈၈ ပီထရာကို မွေးသည်အထိ ကြားထဲတွင် ကလေးမရ။ ထိုအချိန်တွင် ဘော့ဘ် အင်ဒါဆင်၏ အုံထူလှသော ဆံပင်သည် ငယ်ထိပ်မှစကာ ပါးလာသည်။ ၂၀၀၂ တွင် ဒါစီ့ အက်ပဲလ်ကွန်ပျူတာက မှတ်စုစာအုပ်ကို အစားထိုးနေရာယူလိုက်ချိန် သူ့ငယ်ထိပ်သည် ပြောင်သောအဆင့်သို့ ရောက်သွားလေသည်။ ကျန်နေသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ဆံပင်ကလေးကို မည်သို့ပင် ဖြီးစေကာမူ ထိုအကွက်ကို ဖုံးကွယ်နိုင်ခြင်း မရှိတော့။ ညဘက် တီဗွီတွင် လာနေကျဖြစ်သော ဖြီးဖြန်းညာဝါးသည့် ကြော်ငြာများထဲမှ ဆံပင်ပေါက် "မှော်ဆေးရည်" အမျိုးမျိုးကို စမ်းသုံးခြင်းကြောင့် သူမစိတ်ထဲ မယိုးမယွ ဖြစ်ရလေသည်။ (ဘော့ဘ် အင်ဒါဆင်က အသက်ကြီးလာလေ ညဥ့်နက်မှ အိပ်တတ်သည့် ဇီးကွက် ဖြစ်လာလေဖြစ်သည်။) သူက ထိုဆေးများ သုံးသည်ကို ဇနီးသည်အား မပြောပြသော်လည်း တစ်ခန်းတည်း အတူအိပ်သည့် လင်မယားဖြစ်ခြင်း၊ စနေမနက်ခင်းများတွင် ခြံရှင်းသည့်အခါ ဝတ်သည့် တီရှပ်များထားသည့်နေရာကို ခုံကလေးဖြင့်တက်ကာ တင်ရခြင်းတို့ကြောင့် သူမ မသိဘဲမနေ။ ၂၀၀၄ ခုနှစ် ဆောင်းဦးတွင် ဆေးရည်တစ်ပုလင်း၊ နောက်တစ်နှစ်တွင် အဆီပါသော အစိမ်းရောင် ဂျဲလ်အတောင့်ကလေးများ။ သူမက ထိုနာမည်များကို အင်တာနက်ပေါ်တွင် ရှာကြည့်ရာ ဈေးက မသေးလှ။ "မှော်ပညာကား ဘယ်တော့မှ ဈေးမပေါလှပါကလား" ဟု သူမ တွေးမိသည်။

စိတ်ထဲတွင် ကျေနပ်သည် မကျေနပ်သည်က တစ်ပိုင်း၊ သူမက ထိုဆေးရည်များသာမက၊ ဓာတ်ဆီဈေးများ စတက်သည့်အချိန်တွင်မှ ရှက်ဗီ တောတွင်းစီးကားကို ဝယ်လာသော လင်တော်မောင်ကို သူမ အမြဲ သည်းညည်းခံခဲ့သည်ချည်း။ လျှို့ဝှက်ထိမ်ချန်ထားသည့်အရာများကို မသိချင်ယောင် ဆောင်ပေးတတ်ပြီး ထိုနှစ်အတွက် ကလေးများကို နွေရာသီသင်တန်း ကောင်းကောင်း ပို့ပေးရန်၊ ဒွန်နီ့အတွက် လျှပ်စစ်ဂစ်တာကောင်းကောင်းတစ်လက် (ထိုစဥ် သူတီးနေတာ နှစ်နှစ်ခန့်ရှိပြီး လက်ရည်လည်း အတော်တက်နေပြီ။ သို့ရာတွင် သူ့အလိုလို ထွေထွေထူးထူးအကြောင်းမရှိ ဆက်မတီးတော့ဘဲ ရပ်တန့်သွားခြင်းသာ)၊ ပီထရာအတွက် မြင်းတစ်ကောင် ငှားပေးနိုင်ခဲ့သည်။ အောင်မြင်သော အိမ်ထောင်ရေးတစ်ခုသည် လူတိုင်းသိသလို ဟန်ချက်ညီအောင် ထိန်းသိမ်းတတ်ခြင်း ဖြစ်သည်။ စိတ်တိုရသည့် ကိစ္စများတွင် သည်းခံနိုင်စွမ်း မြင့်မားခြင်းဖြစ်သည်။ ဒါသည် ဒါစီ လက်ခံထားသည့်အချက်။ စတီဗင်ဝင်းဝုဒ် သီချင်းထဲကအတိုင်းဆိုလျှင် "ဒီအတိုင်းလေးပါပဲ ကလေးရယ်" ဆိုသည်မျိုး။

သူမကလည်း ဒီအတိုင်း လက်ခံလိုက်သလို သူကလည်း သူ့ပုံစံအတိုင်း မပြောင်းမလဲ။

၂၀၀၄ ခုနှစ်တွင် ဒွန်နီက ပင်ဆယ်လ်ဗေးနီးယားတွင် ကောလိပ်တက်ရန် အိမ်မှထွက်သွားသည်။ ၂၀၀၆ တွင် ပီထရာက ဝါးတားဗီလ် အထက်ဖိုင်းရှိ

mgyoe.com

mgyoe.com

ကိုလ်ဘီနယ်ဘက် ထွက်သွားသည်။ ထိုအချိန်တွင် ဒါစီ မက်ဒီဆင် အင်ဒါဆင်က အသက်လေးဆယ့်ခြောက်နှစ်၊ ဘော့ဘ်က လေးဆယ့်ကိုးနှစ်ရှိပြီဖြစ်ပြီး မိုင်ဝက်ခန့်သွားလျှင် ရောက်နိုင်သော လမ်းကလေးအဆုံးမှ ကန်ထရိုက်တာ စတန်မော်ရင်း၏ သားပေါက် ကင်းထောက်အဖွဲ့တွင် ပါဝင်နေဆဲ။ လစဉ် တောတွင်းလမ်းလျှောက်ပွဲများတွင် ကာကီရောင် ဘောင်းဘီတို၊ အညိုရောင် ခြေအိတ်ရှည်များ ဝတ်ဆင်ထားသော ထိပ်ပြောင်ပြောင် သူငယောက်ျားသည် အတော်လေးကျေနပ်ပျော်ရွှင်နေသည်ဟု သူမထင်သည်။ ပြောင်နေသော သူ့ငယ်ထိပ်မှ အကွက်ကလေးက အခုတော့ အတော်လေးကျယ်လာပြီး သူ့မျက်မှန်က အနီးအဝေးတွဲလျက်သား ဖြစ်လာသည်။ ကိုယ်အလေးချိန်ကလည်း ပေါင်တစ်ရာ့ရှစ်ဆယ်မှ နှစ်ရာ့နှစ်ဆယ်အထိ ရောက်လာခဲ့လေသည်။ ဘင်ဆန်နှင့် ဘေကွန်စာရင်းကိုင်များအဖွဲ့မှ ဘင်ဆန်၊ ဘေကွန်နှင့် အင်ဒါဆင်လုပ်ငန်းစုအဖြစ် တိုးချဲ့လိုက်ချိန် ဘော့ဘ်လည်း ရှယ်ယာရှင်တစ်ဦး ဖြစ်လာခဲ့သည်။ ပေါန်နဲလ်မြို့မှ အိမ်ကလေးကို ပိုတန်ဖိုးကြီးသော ယာမောက်မြို့မှ အိမ်နှင့် လဲလိုက်နိုင်သည်။ သေးကျစ်ဆူဖြိုးသော သူမ၏ ရင်သားများက အခုတော့ ညဘက်အတွင်းခံအင်္ကျီချွတ်လိုက်ချိန်တွင် ကြီးမားကာ ပျော့တွဲကျနေလေပြီ။ သက်တမ်းတစ်ဝက်ကျိုးနေပြီဖြစ်သော အမျိုးသမီးတစ်ဦးအဖို့ ဘာများ မျှော်လင့်စရာ ရှိနေသေးသလဲဟု ထင်စရာပင်။ သို့ရာတွင် ဘော့ဘ်က အနောက်မှ သိုင်းဖက်ကာ သူမရင်သားတွေကို မြတ်မြတ်နိုးနိုး လက်ဖြင့်အုပ်ကိုင်မြဲ။ အိမ်ပေါ်ထပ် သူတို့အိပ်ခန်းကလေးမှ လှမ်းကြည့်လျှင် မြင်နေရသော နှစ်ဧကကျော် မြဲဝန်းကျယ်ကြီးကို ငေးကြည့်ရင်း သူတို့ချစ်စခန်းလေးက တစ်နေ့တခြား အချိန်ပိုတိုလာသဖြင့် စိတ်ထဲမကျေမနပ် ဖြစ်မိသော်လည်း ဘေးတွင်ရှိနေသော ခင်ပွန်းသည်၏ အငွေ့အသက်ကြောင့် သူမ၏ စိတ်ချမ်းသာမှုကတော့ အိမ်ထောင်ဦးတုန်းကအတိုင်း လျှော့မသွားသေး။ နှစ်ဦးသား ယနေ့ထိတိုင် အတူရှိနေနိုင်ခြင်း၊ ငွေရတုသက်တမ်း နီးကပ်လာသည်အထိ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ရှိနေခြင်းတို့ကြောင့် စိတ်ကျေနပ်စရာကောင်းလှသည်ဟု သူမထင်မိလေသည်။

၂၀၀၄ ခုနှစ်တွင် သူတို့နှစ်ဦးသား အချစ်သစ္စာပန်းကံ စိုက်ထူခဲ့သည့် ဘုရားကျောင်းမှ လမ်းကလေး မရှိတော့သော်လည်း ဒွန်နီနှင့် ပီထရာတို့က သူတို့အတွက် ရဲတိုက်ရှေ့မှ ပန်းခြံထဲတွင် စပရိုက်စ်ပါတီ တစ်ခုလုပ်ပေးခဲ့သည်။ ပွဲတွင် ဧည့်သည်ငါးဆယ်ခန့် တက်ရောက်ခဲ့ပြီး ရှန်ပိန်၊ အမဲကင်နှင့် လေးထပ် ကိတ်မုန့်တို့ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ သူတို့မင်္ဂလာဆောင်တွင် ဖွင့်ခဲ့သည့် ကင်နီလော့ဂင်

mgyoe.com

SAMPLE BOOK


၏ "အကခြေလှမ်း" ဆိုသည့် သီချင်းဖြင့် က,ခဲ့ကြသည်။ ဧည့်သည်များက ဘော့ဘ် ၏ ကကွက်များကို လက်ခုပ်တီးကြသည်။ သူမကတော့ ပြန်မြင်မှ မှတ်မိသော်လည်း ထိုကကွက်က ယနေ့ထိတိုင် သူမကို ဆွဲဆောင်နိုင်ဆဲဖြစ်၏။ ဆွဲလည်း ဆွဲ လောက်စရာပင်။ ခေါင်းပေါ် မှ ထိပ်ပြောင်လာခြင်းသာ ပြောစရာရှိသော်လည်း ဘော့ဘ်ခြေလှမ်းများကတော့ စာရင်းကိုင်တစ်ယောက်နှင့်မတူစွာ ပေါ့ပါးလတ် ဆတ်နေမြဲ။

အရာအားလုံးက အတိတ်မြက်ခင်းတွင် မှုန်ဝါးဝါးဖြစ်သွားကြသော်လည်း သေခြင်းတရားကို တွေးဖို့ရာ ငယ်လွန်းသေးသည်ဟု ခံစားနေရဆဲ။ လက်ထပ် ခြင်းက မှုန်ဝါးစွာ ကျန်ရစ်ခဲ့သော်လည်း ရွှေလက်တွဲမြဲနေဆဲ။ တစ်ခါ အသားမလတ် သော ပုစွန်ကိုစားမိပြီး တစ်ညလုံးအန်ခဲ့စဉ် ဘော့ဘ်က သူမဘေးတွင် ထွေးခံ ကိုင်ကာ အိမ်သာထဲ သွန်လိုက်၊ ဘေးတွင် လာထိုင်ပြီး လက်ကလေးကိုင်ကာ အားပေးလိုက်ဖြင့် ငုတ်တုတ်ထိုင်ပြီး ပြုစုပေးခဲ့သည်။ မနက်ခြောက်နာရီထိုးတော့ ဆေးရုံသွားဖို့ ကားထဲနွေးစေရန် စက်ကြိုနှိုးထားပြီး လိုက်ပို့ပေးခဲ့သည်။ သူ့အလုပ် ကို ဖုန်းဆက်ပြီး ခွင့်တင်လိုက်သည်။ ပိုက်ရေဗာဘက် ခရီးသွားရန် အစီအစဉ်ကို ဖျက်လိုက်ပြီး ဒါစီ့ရောဂါပြန်ဖောက်မည်စိုးသဖြင့် သူမဘေး တစ်နေကုန် ထိုင်စောင့် ပေးခဲ့သည်။

မေတ္တာဆိုသည်မှာ အသွားအပြန်ရှိစမြဲ။ ၉၄-၉၅ ခုနှစ်က သူ ရေချိုးစဉ် ဘယ်ဘက်ချိုင်းအောက်တွင် စမ်းမိသော အကြိတ်ကို ဘိုင်အိုစီ အသားစ စစ်ဆေး ချက်အတွက် စိန့်စတီဖင်ဆေးရုံ၏ လူနာခန်းတွင် သူမက အားပေးရင်း အတူထိုင် စောင့်ပေးခဲ့ဖူးသည်။ ဘိုင်အိုစီအဖြေက ကောင်းသည်။ ပြန်ရည်ကျိတ် ရောင်ခြင်း မျှသာ။ ထိုအကျိတ်က နောက်ထပ်တစ်လကျော်အကြာတွင် လုံးဝ အရှင်းပျောက် သွားတော့သည်။

အိမ်သာကမုတ်ပေါ် တွင် ထိုင်နေရင်း ပဟေဠိစာအုပ်ကို ဒူးပေါ် ဖြန့်တင် ထားတတ်သော ဘော့စ်။ သူ့ပါးပြင်မှ ရတတ်သော အော်ဒီကလုန်း ရေမွှေးနံ့က နယူးဟမ့်ရှိုင်းယား သို့မဟုတ် ဗားမွန့်မှ ကုမ္ပဏီတစ်ခုတွင် စာရင်းစစ်သွားမည် သို့တည်းမဟုတ် ကားမောင်းကာ နယ်ဘက်သို့ ခရီးတို သွားရမည်ဆိုသည့် အဓိပ္ပာယ်။ တစ်ခါတစ်ရံ ထိုရနံ့က အကြွေစေ့စုဆောင်းမှုအတွက် သတင်းရသဖြင့် အမဲလိုက်ခြင်းမျိုး ဖြစ်တတ်ပြီး သူတို့လင်မယားနှစ်ယောက်၏ အရံစီးပွားရေးသည် ကွန်ပျူတာမှတဆင့် အမြဲလုပ်လို့ အဆင်မပြေမှုန်း နှစ်ဦးလုံးက လက်ခံထားကြ

mgyoe.com SAMPLE BOOK

သည်။ သူမ ဘယ်လိုပင် တဗျစ်တောက်တောက် ပြောသော်လည်း ခေါင်းမာစွာ ဆက်သုံးမြဲဖြစ်သော သူ့ခရီးဆောင်အိတ် အမည်းရောင်ကြီးက ခန်းမထဲတွင် ထောင်ထားသည်။ အိမ်တွင်းစီး သူ့ခြေညှပ်ဖိနပ်က သူ့အိပ်ရာဘက်ခြမ်းတွင် ချွတ်ထားသည်။ သူ့ဘက်ခြမ်း စားပွဲပုကလေးပေါ် တင်ထားသော ဖန်ခွက်နှင့် ဘေးဘက်မှ လိမ္မော်ရောင် ဗီတာမင်ရေဆူ ဆေးပြားဗူးက အမှတ်တရအကြွေစေ့နှင့် ငွေကြေးမဂ္ဂဇင်းဘေးတွင် အစီအရီ။ "အထုတ်ရှိမှ အသွင်းရှိလို့ ရမှာပေါ့" ဆိုသည်က လေတက်ပြီးတိုင်း ပြောလေ့ရှိသည့် စကားဖြစ်ပြီး၊ "သတိထား၊ ဓာတ်ငွေ့ဗုံးလာပြီ" ဆိုသည့်စကားက လေလည်ချိန်တိုင်း ပြောတတ်သည်။ ခန်းမထဲမှ အင်္ကျီချိတ်မှ ပထမဆုံးချိတ်တွင် သူ့ကုတ်အင်္ကျီကို ချိတ်ထားတတ်လေ့ရှိသည်။ ရေချိုးခန်းထဲမှ ကြည့်မှန်ထဲတွင် တွေ့နေရသော သူ့သွားတိုက်တံသည် ဒါစီသာ မလဲပေးလျှင် ညားခါစမှစပြီး ဒီတစ်ချောင်းတည်းသာ သုံးနေမှာ သေချာလှသည်။ နှစ်လုတ်၊ သုံးလုတ် စားပြီးတိုင်း ပါးစပ်ကို တစ်ခါသုတ်လေ့ရှိသည့် သူ့ပုံစံ၊ ကိုးနှစ်သားကလေးများကို ဦးဆောင်ပြီး ခေါ်သွားရမည့် တောတွင်းခရီးစဉ်အတွက် အသုံးအဆောင်ပစ္စည်းများ အစီအရီထားသည့်ပုံစံ။ အမြဲတမ်း သပ်ရပ်သန့်ရှင်းနေသော သူ့လက်သည်းများ၊ နှစ်ဦးသား အနမ်းခြွေလျှင် ရတတ်သည့် ခံတွင်းမွှေးစေသည့် ငုံဆေးအနံ့။ အရာအားလုံးသည် နှစ်ဦးအတူ ရှိခဲ့သည့် အိမ်ထောင်သည်ဘဝ၏ လျှို့ဝှက်ချက်များ။

သူ့ထဲတွင်လည်း သူမနှင့်ပတ်သက်ပြီး မှတ်သားထားသည့် အသေးစိတ်အချက်အလက်များ ရှိပေလိမ့်မည်။ ဆောင်းတွင်း နှုတ်ခမ်းကွဲလျှင် လိမ်းသည့် သစ်ဂျပိုးခေါက်အနံ့ နှုတ်ခမ်းဆိုးဆေး၊ လည်ကုတ်ကို နမ်းလိုက်တိုင်း ရတတ်သည့် ခေါင်းလျှော်ရည်နံ့သင်းသင်း၊ အိပ်ပျော်ရန် ခက်ခဲသည့်အချိန်တွင် သူမကို ပြုစုပေးတတ်သည့် တစ်လတွင် နှစ်ကြိမ်သုံးကြိမ်ခန့် အိပ်ပျက်ညများ စသည်. . .။

အခုတော့ သူတို့အိမ်ထောင်သက်သည် နှစ်ဆယ့်ခုနစ်နှစ် သို့မဟုတ် ကိုးထောင် ရှစ်ရာ ငါးဆယ့်ရှစ်ရက် ရှိခဲ့ပြီ။ နာရီနှင့်ဆိုပါက နှစ်သိန်းငါးသောင်း၊ မိနစ်နှင့်ဆိုလျှင် ဆယ့်လေးသန်းကျော်။ ထိုအထဲမှ သူ့အလုပ်ကိစ္စအတွက် ခရီးထွက်ခြင်းများပါသလို သူမကိုယ်တိုင်လည်း ကိုယ်ရေးကိုယ်တာ ကိစ္စများရှိခဲ့သော်လည်း အချိန်အများစုကတော့ နှစ်ယောက်သား တပူးတွဲတွဲ ရှိနေမြဲ။

သူမက လင်ယောကျ်ားအကြောင်း အူမချေးခါးမကျန်သိပြီဟုတော့ မဆိုနိုင်သော်လည်း သူမအကြောင်းကို ကိုယ်တိုင်ထက်ပင် သူက ပိုသိနေသေးသည်ဟု

mgyoe.com SAMPLE BOOK

ခံစားရသည်။ ပမာဆိုရလျှင် သူမ အိပ်မပျော်သည့် ညများတွင် နွယ်ချိုချောင်း ငုံတတ်သည်ဆိုသည့်အကြောင်း၊ အန်ချင်လျှင် ငုံတတ်သည့် ချိုချဉ်သကြားလုံး တံဆိပ်အကြောင်း၊ သို့မဟုတ် အသစ်ပြောင်းသွားသော စာပို့သမားက ချစ်စရာ ကောင်းသည်ဟု ထင်မိသည့်အကြောင်း စသည်။ အစအဆုံး မသိလျှင်သာ ရှိမည်. . . သိသင့်သည့်အချက်အားလုံးတော့ သိထားပြီးဖြစ်သည်။ အဆင်ပြေသည့် အိမ်ထောင်သည်ဘဝတွင် ငါးဆယ်ရာခိုင်နှုန်းသည် ရေရှည်တွင် ဟန်ချက်ညီမျှအောင် ကြိုးစားနေခြင်းကသာ အဓိကကျသည့် အချက်ဖြစ်သည်။ ကမ္ဘာမြေဆွဲအားက သူမကို ဆွဲထားသည်ဟု ယုံကြည်ထားသလို သူ့ကိုယုံသည်။

အနည်းဆုံးတော့ ထိုည ကားဂိုဒေါင်တွင် ပစ္စည်းများ ရှာဖွေမတွေ့မီခင် အချိန်အထိဖြစ်သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

တီဗွီရီမုတ်ကွန်ထရိုးက ဓာတ်အားကုန်သွားသဖြင့် အလုပ်မလုပ်တော့။ မီးဖိုချောင်ဘေစင်အောက်မှ ဗီရိုထဲတွင် အေနှစ်လုံးဆိုဒ် ဓာတ်ခဲမရှိ။ နာရီဓာတ်ခဲဆိုဒ်စုံ၊ မဖွင့်ရသေးသော အေသုံးလုံးဆိုဒ် ဓာတ်ခဲများ တွေ့သော်လည်း အေနှစ်လုံးဆိုဒ် ဓာတ်ခဲတော့ မတွေ့။ ဘော့ဘ်တစ်ယောက် ဂိုဒေါင်ထဲတွင် ဒျူရာဆဲလ် ဓာတ်ခဲများ သိမ်းထားတတ်သဖြင့် သွားရှာရာမှ သူမဘဝတွင် ယုံကြည်ထားသမျှ ဇောက်ထိုးမိုးမျှော် ဖြစ်သွားခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်က မြေဆွဲအားမှ လွတ်မြောက်သွားပြီး လေဟာနယ်ထဲ လွင့်မျောသွားသလို။ ခြေလှမ်းတစ်ချက် မှားသွားသည်နှင့် ခေါင်းစိုက်ကျသွားမည့်နှယ်။

မီးဖိုချောင်နှင့် ကားဂိုဒေါင်ကို ဆောင်ကူးလမ်းကလေးဖြင့် ဆက်ထားသည်။ ဒါစီက အိမ်ဝတ်အနွေးထည်ကို ခပ်တင်းတင်း ဆုတ်ကိုင်ပြီး အထဲသို့ ဝင်သွားသည်။ လွန်ခဲ့သည့်နှစ်ရက်ခန့်မှစကာ ရာသီဥတုက ရုတ်ခြည်း ပြောင်းလဲသွားပြီး နွေရာသီမှ ဆောင်းဦးကျသဖွယ် အေးစက်လာသည်။ လေအေးအေးက သူမ ခြေချင်းဝတ်များကို ဖြတ်တိုက်သွားသည်။ ဘောင်းဘီရှည်နှင့် ခြေအိတ်ဝတ်လာသင့်သော်လည်း "လူကြီးတစ်ပိုင်း" ဇာတ်လမ်းတွဲက နောက်ငါးမိနစ်ဆိုလျှင် လာတော့မည်ဖြစ်ပြီး အခုတော့ တီဗွီက စီအန်အန် သတင်းလိုင်းတွင် ပြောင်းမရဘဲ တစ်နေသည်။ ဘော့စ်သာ အနားရှိလျှင် သူမက တီဗွီလိုင်းကို လက်ဖြင့်အရင်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းခိုင်းပြီးမှ ဓာတ်ခဲ အသစ်သွားယူခိုင်းမိမည်။ တီဗွီခလုတ်များက ယောက်ျား လေးများသာသိသော အနေအောက်ဘက် တစ်နေရာရာတွင် ရှိပေလိမ့်မည်။ ကားကို ဒေါင်ဆိုသည်က သူ့ပိုင်နက်။ သူမအတွက်တော့ ရာသီဥတု ဆိုးရွားလျှင် ကား အသွင်းအထုတ်လုပ်ရုံ ဖြတ်သွားဖြတ်လာ နေရာတစ်ခုထက် မပို။ ပုံမှန်အတိုင်း ဆိုလျှင် သူမက ကားကို အိမ်ရှေ့လမ်းအကွေ့ကလေးတွင် ထိုးလေ့ရှိသည်။ သို့ရာ တွင် အခုတော့ ဘော့စ်က အိမ်မှာမရှိ။ သူက ဒုတိယကမ္ဘာစစ်လက်ကျန် စတီးလ် အကြွေစေ့သတင်းကြားရာ မွန်ပီလီယာဆိုသည့် မြို့ကလေးသို့ ရောက်နေပြီး တီဗွီ က သူမတစ်ဦးတည်းအပိုင် ဖြစ်နေသည်။

သူမက တံခါးဘေး မီးခလုတ်ခုံကို လက်ဖနောင့်ဖြင့် ဖိပြီးဖွင့်လိုက်ရာ ခေါင်းပေါ်မှ မီးချောင်းအဖြူက ဖျတ်ခနဲ လင်းလာသည်။ ဂိုဒေါင်က သပ်ရပ်ပြီး ကျယ်ကျယ်လွှလွှရှိသည်။ အသုံးပြုလေ့ရှိသည့် ကိရိယာတန်ဆာပလာများက နံရံ ကပ်စင်တွင် အစီအရီရှိနေပြီး ဘော့စ်တစ်ယောက် အလုပ်လုပ်လေ့ရှိသည့် ခုံ တန်းက အကောင်းပကတိ။ ကြမ်းခင်းကို စစ်သင်္ဘောကုန်းပတ်အရောင်ဖြစ်သော မီးခိုးရောင် သုတ်ထားသည်။ ဆီချေးများ စွန်းကွက်နေခြင်းမျိုးမရှိ။ ဂိုဒေါင်ကြမ်း ပြင်တွင် ဆီချေးများ စွန်းကွက်နေခြင်းသည် ပိုင်ရှင်က နမော်နမဲ့နိုင်ခြင်းကြောင့် လည်းကောင်း၊ မပြုမပြင်ဘဲထားခြင်းကြောင့်လည်းကောင်း ဖြစ်တတ်သည်ဟု ဘော့စ်က ပြောလေ့ရှိသည်။ ရုံးဖွင့်ရက်များတွင် ပို့တ်လန်းကို အသွားအပြန် အသုံးပြုလေ့ရှိသည့် တိုရိုတာပရိုင်းရပ်စ်ကားက ဂိုဒေါင်ထဲတွင် ရှိနေပြီး ဗားမွန့် ဘက်သွားသည့် ယခုခရီးအတွက် နယ်ဘက်ထွက်လျှင် သုံးနေကျ ခရီးဝေးသုံး SUV ကားကြီးကို ယူသွားသည်။

"ကားကြီးက ပါကင်ထိုးရတာ လွယ်တယ်ကွ။ ခလုတ်ကိုနှိပ်ပြီး နောက် ကြည့်မှန်ပေါ်က ပုံရိပ်ကို တီဗွီက တစ်ဆင့်ကြည့်လိုက်ရုံပဲ" ဟု သူ တစ်ခါမက ပြောဖူးသည်။ အတူရှိခဲ့သည့် နှစ်ဆယ့်ခုနစ်နှစ်တာ ကာလအတွင်း ပေးခဲ့ဖူးသည့် မူလအကြောင်းပြချက်များက တစ်ခါတစ်ရံ မေ့မှိန်သွားတတ်သည့်သဘော ရှိသည် မဟုတ်လား။

"ကျွန်မကတော့ ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်ရတာကိုပဲ သဘောကျ တယ်"

သူမဘက်ကလည်း သူ့ကိုအမြဲတမ်း ထိုအတိုင်း တုန့်ပြန်လေ့ရှိသည်။ တကယ်က ကားနောက်ဆုတ်ရင်း ဂိုဒေါင်တံခါးနှင့် ခြစ်မိမည်ကို သူမ ကြောက်

mgyoe.com

mgyoe.com SAMPLE BOOK

နေခြင်းသာ။ သူမက ကားနောက်ဆုတ်ရသည်ကို သဘောမကျ။ ပိုက်ဆံကို ပိုက်ဆံအိတ်ထဲတွင် ခေါင်းကို အပေါ်ထောင် ထည့်တတ်သည့်၊ ဖတ်လက်စစာအုပ်တစ်အုပ်ကို ဘယ်တော့မှ ဖွင့်လျက်သား မှောက်ပြီးမချတတ်သော (သူကတော့ စာအုပ်အနှောင့်ကို ကျိုးသွားစေတတ်သည်ဟု ပြောတတ်သည်) ကြောင်တောင်တောင် သူ့အကျင့်များကို သူမ သိသလို သူကလည်း ထိုအကြောင်း မသိဘဲနေမည်မဟုတ်။

မျက်နှာကြက်တွင် ယှက်ပြေးနေသော ငွေရောင်အပူပေးပိုက်များကြောင့် ကားဂိုဒေါင်က နွေးထွေးနေ၏။ သူမက ဝက်အူများ၊ ပတ္တာများ၊ ကလစ်များ၊ အခြားတန်ဆာပလာများ စသဖြင့် သပ်သပ်ရပ်ရပ် နာမည်ထိုးထားသော လေးထောင့်သံဗူးကလေးများ တန်းစီချထားသည့် ခုံတန်းဆီသို့ လျှောက်သွားသည်။ နံရံတွင် ရေကူးဝတ်စုံနှင့် မိန်းကလေးများပုံပါသော ပြက္ခဒိန်တစ်ခုချိတ်ထားပြီး ဘယ်ဘက်တွင် ဓာတ်ပုံနှစ်ပုံက ပူးလျက်သား ချိတ်ဆွဲထားသည်။ တစ်ပုံက ဒွန်နီနှင့် ပီထရာတို့ ယာမောက်မြို့ ဘော့စ်ဘော ကစားပွဲတွင် ဘော့စတွန် ရက်ဒ်ဆော့စ် အသင်းဂျာစီများ ဝတ်ထားသည့် ဓာတ်ပုံ။ အောက်တွင် "အိမ်ကွင်း ၁၉၉၉ ခုနှစ်" ဟု ဘော့စ်လက်ရေးဖြင့် နာမည်ထိုးထားသည်။ နောက်တစ်ပုံက ပိုပြီး နောက်ကျသည်။ ဓာတ်ပုံထဲတွင် ပီထရာက သူမခင်ပွန်းလောင်း မိုက်ကယ်နှင့် အောချပ်ကမ်းခြေတွင် နှစ်ဦးသားဖက်ပြီး ရိုက်ထားသည့်ပုံဖြစ်သည်။ ပုံအောက်ခြေမှ စာက "ချစ်စရာ့စုံတွဲလေး" ဟူ၏။

ဓာတ်ခဲများထည့်ထားသော ဗီရိုက ဓာတ်ပုံ၏ ဘယ်ဘက်ဘေးတွင် ရှိသည်။ "လျှပ်စစ်ပစ္စည်းများ" ဟု နာမည်ထိုးထားသော တိပ်အကြည်ကပ်ထားသည်။ ဒါစီက ခင်ပွန်းသည် ဘော့စ်၏ သပ်ရပ်မှုကို ယုံကြည်သည့်အတွက် သွားချင်သည့်နေရာကို သေချာမကြည့်မိခြင်းကြောင့် ခုံတန်းကလေးအောက်မှ တစ်ဝက်တစ်ပျက် ထိုးထွက်နေသော စက္ကူဂျပ်ဖာကို ခလုတ်တိုက်မိခြင်း ဖြစ်သည်။ သူမက စိတ်တိုတိုဖြင့် တစ်ချက်ကျိန်ဆဲလိုက်ပြီး ခုံတန်းကို ဆွဲထုတ်လိုက်သည်။ ဖြစ်နိုင်လျှင် ခုံတန်းကို သူမ လုံးဝမရွှေ့ချင်။ လက်သည်းပဲ့သွားသဖြင့် နာကျင်ပြီး စိတ်အနှောင့်အယှက်ဖြစ်မိသော်လည်း ချော်လဲမကျသဖြင့် ကံကောင်းသည်ဟု ဆိုရမလို။ ကောင်းတာပေါ့။ ဆီချေးမရှိ ပြောင်ရှင်းနေသော ကြမ်းပြင်ပေါ်တွင် နောက်စိပွင့်ပြီး ခေါင်းကွဲသေနေလျှင်ပင် အရေးပေါ် ၁၉၉ ကို ဖုန်းဆက်ပြီး ခေါ်ပေးမည့်သူ မရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းစက္ကူဖာကို ခြေထောက်ဖြင့် အတွင်းဘက်သို့ ကန်ထည့်လိုက်လျှင် ဖြစ်သော်လည်း သူမက ရှုပ်ထွေးသည့် သင်္ချာညီမျှခြင်းကို ဖြေရှင်းရသည့် ဆရာမ တစ်ယောက်ပမာ သတိကြီးစွာထားရင်း ပြန်ထည့်ချိန်တွင်မှ ထိုအရာကို သတိ ထားမိခြင်း ဖြစ်သည်။ သူမက လုပ်စရာအလုပ်ကို ခပ်သွက်သွက်လုပ်ပြီး အိမ်မ ကြီးဘက် ပြန်ရန်ပြင်သည်။ သို့သော်လည်း စက္ကူဖာအပေါ်ဆုံးတွင် တက်တင်း ထိုးသည့် ကက်တလောက်စာအုပ်ကို လှမ်းတွေ့လိုက်သဖြင့် စိတ်ပြောင်းသွားပြီး ဒူးထောက်ထိုင်ကာ ဆွဲထုတ်ရင်း ဓာတ်ခဲနှင့်အတူ အိမ်ထဲပြန်ယူသွားရန် ဆုံးဖြတ် လိုက်သည်။ သူမက ပုံးကို မ,ထုတ်လိုက်ရာ အရင်က အထားမှားပြီး ပျောက်နေ သော ဘရွတ်စတုံး ကက်တလောက်ကို ပုံးထဲ ပြန်တွေ့လိုက်ရသည်။ အောက်ဘက် တွင် ပေါ်လာယမ်း၊ တဲလ်ဘော့ဘ်၊ ဖော်ဇီရီး . . . ဘလွန်းမင်းဒေးလ် မဂ္ဂဇင်းများ။

"ဘော့စ်"

သူမ စိတ်တိုတိုဖြင့် အော်မိသည်။ ဘော့စ် မဟုတ်ဘဲ ဘော့စ်နှင့် ပ်(တ်) ဆိုသည့် အသံနှစ်သံ။ တကယ်တမ်း သူမက သူ့ကို စာအုပ်တစ်အုပ်လို ဖတ်နိုင် သည်။ သူမက ကက်တလောက်များကို အလွန်အကျွံ မှာနေသည်၊ စွဲလန်းလွန်းနေ သည်ဟု သူယူဆထားကြောင်း ဝန်ခံခိုင်းနေသည့်နှယ်။ ထိုဆန်းစစ်ချက်ကြောင့် သူ့ခမျာ နှစ်ရက်ခန့် ခေါင်းစားသွားသည်။ သို့သော် ဘော့စ်က သူမအကျင့်ဘယ်လို ရှိသလဲ အတိအကျ သိသည်။ အရေးမကြီးသည့်ကိစ္စများကို မျက်ကွယ်ရောက်လျှင် မေ့သွားတတ်မှန်း သူသိသည်။ သို့နှင့် သူက စာအုပ်များကို ကောက်ယူပြီး သူမ မျက်ကွယ်တွင် ဖွက်ထားလိုက်ခြင်းဖြစ်သည်။ ဒီနေရာမှ နောက်တဆင့်ဆို အမှိုက် ပုံးထဲ ရောက်သွားတော့မလား မသိ။

ဒန်စကင်း. . . အိပ်စ်ပရက်စ်. . . ကွန်ပျူတာ အောက်လက်တ်. . . မက်ခ် ဝေါလ်. . . မျောက်ရှာ. . . လေလာ ဂရေ့စ်. . . ။

ကြည့်ရင်း အောက်ဘက်ရောက်လေ သူမ စိတ်ပိုတိုလေဖြစ်၏။ ဒီလောက် မဂ္ဂဇင်းအများကြီးကြောင့် ဘဏ်ဒေဝါလီ ခံရတော့မည်ဟု သူက ထင်မိလေသလား မပြောတတ်ချေ။ အခုတော့ သူမကြည့်ချင်သည့် ဇာတ်လမ်းတွဲကိုပင် သတိမရ တော့ဘဲ မွန်ပီလီယာမှ ဘော့စ် ဖုန်းဆက်လာချိန် ဘယ်လို ရန်တွေ့ရမလဲဟု စဉ်းစားရင်း ခေါင်းထဲတွင် စကားလုံးများစီလျက် ရှိလေသည်။ (သူက ခရီးထွက်လျှင် ဘယ်နေရာရောက်နေနေ ညစာ စားပြီးချိန်တွင် အိမ်ကို ဖုန်းဆက်လေ့ရှိသည်။) သို့သော် ပထမဆုံးအနေဖြင့် ထိုစာအုပ်များကို အိမ်ဘက်သို့ ပြန်သယ်ရမည်။

mgyoe.com SAMPLE BOOK

သုံးလေးခေါက်ခန့် ခွဲသယ်ရမလားပင် မသိ။ စာအုပ်အပုံက နှစ်ပေခန့်မြင့်သည့် အပြင် ကြွေသားစာရွက်ဖြင့် ထုတ်ဝေသောမဂ္ဂဇင်းများဖြစ်သဖြင့် အလွန်လေးသည်။ ဒါကြောင့်သာ ထိုပုံးကို သူမ ခလုတ်တိုက်မိခြင်း ဖြစ်လေသည်။

ကက်တလောက်စာအုပ်တွေ ထည့်ထားတဲ့ စက္ကူပုံးကို ခလုတ်တိုက်ပြီး သေသွားရင် လူကြားလို့မှ မကောင်း။ သူမက စိတ်အချဉ်ပေါက်ပေါက်ဖြင့် တွေးသည်။ တော်တော်ကြောင်သည့် အတွေးပါလား။

အတွေးများက သစ်ကိုင်းခြောက် ကျိုးသလို ရုတ်ချည်းပြတ်တောက်သွားသည်။ သူမက တစ်ဖက်မှ တွေးရင်း လက်ကလည်း အလုပ်လုပ်နေသည်ဖြစ်ရာ စာအုပ်ပုံ၏ လေးပုံတစ်ပုံလောက်မှ ကောက်မ,လိုက်ချိန်တွင် ကက်တလောက် မဟုတ်သည့် စာအုပ်တစ်အုပ်ကို သတိထားလိုက်မိသည်။ ကက်တလောက် မဟုတ်သည့် တစ်စုံတစ်ရာ။

နာမည်က "ကြိုးတုတ်ထားသော ကောင်မများ"

သူမက မဆိုင်သည့်ပစ္စည်းဆို ဆွဲထုတ်၍ပင် ကြည့်လေ့မရှိ။ သူ့အဝတ်အစားထည့်သည့် အံဆွဲထဲတွင်ဖြစ်စေ၊ ဆံပင်ပေါက်ဆေးထားသည့် ဗီရိုခေါင်မိုးပေါ်တွင်ဖြစ်စေ တွေ့မိလျှင် ထုတ်ကြည့်မိမည်မထင်။ သို့ရာတွင် အခုလို သူမ မှာထားသည့် ကက်တလောက် စာအုပ်များကြား ယောကျ်ားတစ်ယောက်၏ လိင်စိတ် တိမ်းညွှတ်မှုအပေါ် အရှက်ရစရာ ထိုစာအုပ်မျိုးကို တွေ့လိုက်ရသောအခါ စိတ်ထဲတစ်မျိုး ဖြစ်သွားမိသည်။

စာအုပ်မျက်နှာဖုံးပေါ်မှ အမျိုးသမီးသည် ခေါင်းပေါ်တွင် ဆောင်းထားသော မျက်နှာတစ်ဝက်အုပ်နေသည့် အနက်ရောင်ခေါင်းစွပ်မှအပ ဝတ်လစ်စလစ်ဖြင့် ခုံတစ်ခုံတွင် ကြိုးတုပ်ထားခြင်း ခံနေရသည်။ မျက်နှာပေါ်မှ ခေါင်းစွပ်က တစ်ဝက်တစ်ပျက် အုပ်နေသော်လည်း သူမအမူအရာက ကြောက်လန့်တကြား အော်ဟစ်နေဟန် ရှိ၏။ ချည်ထားသည့် ကြိုးများက တင်းကျပ်လွန်းသဖြင့် သူမ၏ အဝတ်မဲ့ရင်သားနှင့် ဗိုက်သားများထဲ နစ်ဝင်နေကြသည်။ မေးစေ့၊ လည်ပင်းနှင့် လက်မောင်းများတွင် သွေးအတုများဖြင့် ပေပွနေ၏။ စာရွက်အောက်ခြေတွင် အဝါရောင် စာလုံးဖြင့် အော်ဟစ်နေဟန် ခပ်ရိုင်းရိုင်း ရေးထားသည်က "ခွေးမ ဘရင်ဒါက တောင်းဆိုလို့ လုပ်ပေးလိုက်တယ်။ စာ ၄၉ တွင် ရှု ဆိုသည့် စာသား။

ဒါစို့ထဲတွင် စာမျက်နှာ ၄၉ ကို လှန်ကြည့်ဖို့ စိတ်ကူးမရှိပါ။ ၄၉ ကိုမှ

mgyoe.com

mgyoe.com
SAMPLE BOOK


မဟုတ် မည်သည့်စာမျက်နှာကိုမှ လှန်ကြည့်ရန်လည်း မရည်ရွယ်ပါ။ သူမက ဒါသည် "အမျိုးသား စူးစမ်းလေ့လာမှု" ဖြစ်သည်ဟု ကိုယ့်ဘာသာ ဆင်ခြေပေးနေမိသည်။ "အမျိုးသား စူးစမ်းလေ့လာမှု" အကြောင်းကို သူမက သွားဆေးခန်းတွင် စောင့်ဆိုင်းရင်း ကော့စမိုမဂ္ဂဇင်းတွင် ဖတ်ဖူးသည်။ အမျိုးသမီး ဆောင်းပါးရှင်တစ်ဦးက မဂ္ဂဇင်းတွင် အကြံပေးဆောင်းပါးအဖြစ် ရေးထားခြင်းဖြစ်ပြီး ယင်းဆောင်းပါးထဲတွင် သူမက ခင်ပွန်းသည်၏ လက်ဆွဲအိတ်ထဲတွင် ဂေးမဂ္ဂဇင်းများ တွေ့ဖူးသည်ဟု ဆိုထားသည်။ အရေးအသားက အတော်ပွင့်လင်းပြီး ဆောင်းပါးပါ အတိုင်းဆို သူမယောက်ျား ဘော့ဘ်လည်း ဒီလိုအဖြစ်မျိုး ဖြစ်နေပြီလားဟု စိတ်ပူလာမိသည်။ တကယ်တမ်း ဒီလိုသာဆိုပါက ဘော့ဘ်သည် အိပ်ရာထဲမှ လိင်မှုကိစ္စတွင် ဟန်ဆောင်ကောင်းလွန်းသူဟု ပြောရမည်။

ဆောင်းပါးရှင် အမျိုးသမီးကတော့ စိတ်မပူရန် ပြောထားသည်။ ယောက်ျားဆိုသည်က စူးစမ်းတတ်သည့် သဘောရှိသည်။ သူတို့တွင် လိင်တူ၊ လိင်ကွဲ၊ အုပ်စုလိုက် လိင်ကိစ္စများ၊ စံလွဲလိင်မှုကိစ္စများ (ဥပမာ - အမျိုးသမီးအဝတ်အစားများ စမ်းဝတ်ကြည့်ခြင်း၊ ရာဘာဝတ်စုံများ သဘောကျခြင်း၊ လူမြင်ကွင်းတွင် လိင်ဆက်ဆံလိုခြင်း၊ တုတ်နှောင်ပြီး အနိုင့်အထက်ပြုခြင်း) ကို စူးစမ်းလေ့လာလိုသည့်သဘာဝ ရှိသည်။ ထို့အပြင် အချို့အမျိုးသမီးများတွင် ထိုသို့ အနိုင့်အထက်ကျင့်ခံရသည်ကို သာယာတတ်သည့် သဘာဝရှိကြောင်း သိရသဖြင့် ဒါစီခမျာ တအံ့တသြ ဖြစ်ရပြန်သည်။ သူမသည် လိင်ကိစ္စနှင့် ပတ်သက်လျှင် ဘာမှမသိသေးသည့် အစိမ်းသက်သက်ပါလားဟု ပထမဆုံးအကြိမ်အဖြစ် ဝန်ခံရတော့သည်။

ဒါသည် ဆောင်းပါးရှင် အမျိုးသမီးပြောသလို "အမျိုးသား စူးစမ်းလေ့လာမှု" သာ ဖြစ်မည်ဟု သူမဘာသာ စိတ်ဖြေရတော့သည်။ စာအုပ်ဆိုင်တစ်ဆိုင်ဆိုင်၏စင်ပေါ်တွင် ဘော့ဘ်တွေ့မိပြီး စူးစမ်းလိုသဖြင့် ဝယ်လာခြင်းသာ ဖြစ်ရမည်။ (သို့ သော်လည်း ထိုမဂ္ဂဇင်းမျိုး စင်ပေါ်တင်ထားသည့် စာအုပ်ဆိုင်ဟူ၍ ဒါစီ မတွေ့ခဲ့စဖူး။) မဟုတ်ပါကလည်း စတိုးဆိုင်တစ်ခုခု၏ အမှိုက်ပုံးတွင် တွေ့သဖြင့် ကောက်လာခြင်း ဖြစ်ရမည်။ သူက အိမ်ပြန်ယူလာပြီး သူမ မသိအောင် ဂိုဒေါင်ထဲတွင် ခိုးကြည့်ကာ လွှင့်ပစ်တော့မည့် ကက်တလောက်စာအုပ်အပုံတွေကြား ဖွက်ထားခြင်း ဖြစ်ရမည်။ (ကာဗာပေါ်မှ မော်ဒယ်လ်အမျိုးသမီး၏ ခန္ဓာကိုယ်ပေါ်မှ သွေးစက်များက အတုဖြစ်မှန်း သိသာသော်လည်း အော်ဟစ်နေပုံကတော့ စစ်မှန်လွန်းနေသည်။) ဒါမှလည်း သူမ ရှာတွေ့ပြီး သူ့ကို ပြဿနာမရှာနိုင်မှာ ဖြစ်သည်။
mgyoe.com

mgyoe.com SAMPLE BOOK

ကိစ္စက ဒီတင် ပြတ်ပြီ။ တစ်အုပ်တလေ စာအုပ်ပုံကြား ညပ်နေခြင်းမျိုးဖြစ်မည်။ တချို့သော ဘီကနီမော်ဒယ်လ်မဂ္ဂဇင်း အနည်းအကျဉ်းလည်း ရှိနိုင်သေးသည်။ ယောက်ျားဆို သည့်အမျိုးက ဇာသားအတွင်းခံ၊ ပိုးသားအပျော့ အတွင်းခံဝတ်ထား သည့် အမျိုးသမီးများကို ကြိုက်တတ်ကြသည် မဟုတ်လား။ ဘော့ဘ်ကရော ဘာ သားနှင့် ထုထားတာမှတ်လို့ဟု သူမတွေးမိသည်။ သို့သော် "ကြိုးတုတ်ထားသည့် ကောင်မများ" ဆိုသည်ကတော့ တွေးပင်မတွေးမိသည့်အချက်။

သူမက စာအုပ်အဖုံးကို ပြန်ကြည့်တော့ ထူးဆန်းသည့်အချက်ကို သတိ ထားမိသွားသည်။ စာအုပ်ပေါ်တွင် ရောင်းဈေးမပါသလို ဘားကုတ်လည်း မပါ။ ဒီလိုမဂ္ဂဇင်းမျိုး ဈေးဘယ်လောက်ရောင်းလိမ့်မလဲ သိချင်စိတ်ဖြင့် နောက်ကျောဖုံး ကို လှန်ကြည့်လိုက်သော် ဆံပင်ရွှေရောင်နှင့် အမျိုးသမီးကလေးကို ခွဲစိတ်ခန်း စားပွဲလို စတီးစားပွဲပေါ်တင်ပြီး ထောင့်လေးထောင့်တွင် ချိန်းကြိုးများဖြင့် တုတ် နှောင်ထားသည့်ပုံကို တွေ့လိုက်ရသည်။ ယင်းအမျိုးသမီးလေး၏ ကြောက်ရွံ့နေ ပုံက စစ်မှန်လွန်းသော်လည်း ဒါဇီ့စိတ်ထဲ အနည်းငယ်သက်သာရာရမိသည်။ သူမ အပေါ် အုပ်မိုးပြီး ရပ်နေသည့် ဗိုက်ရွှဲရွှဲ အမျိုးသားက သားရေအတွင်းခံဘောင်းဘီ နှင့် လက်ပတ်သာပါပြီး လက်ထဲတွင် ဓားတစ်လက်ကိုင်ထားသည်။ သူ့ပုံစံက နှိပ်စက်က လူပြုမည့်ပုံထက် စာရင်းကိုင်တစ်ယောက်ပုံ ပေါက်နေ၏။

ဘော့ဘ်လည်း စာရင်းကိုင်လေ။ သူမ ဦးနှောက်က သတိပေးနေ၏။

ထိုကြောင်တောင်တောင်အတွေးက ကြောင်တောင်တောင်ဦးနှောက်ထဲ က အဆင်သင့် ထွက်လာခြင်းမျိုး။ သူမက ထိုအတွေးကို စက်ဆုပ်ဖွယ် ထိုစာအုပ် အား အပုံထဲပြန်ထိုးထည့်သလို ထိုးထည့်လိုက်သည်။ စာအုပ်နောက်ကျောတွင် ဈေးနှုန်း၊ ဘားကုတ်တစ်ခုမှ မပါ။ သူမက စက္ကူပုံးကို အလုပ်စားပွဲအောက် ပြန်ထိုး ထည့်ရင်း ဈေးနှုန်း။ဘားကုတ်မပါသော စာအုပ်အတွက် အဖြေတစ်ခု ဖျတ်ခနဲ စဉ်းစားမိသွားသည်။ ဒီလိုမဂ္ဂဇင်းမျိုးသည် လူသိမခံလိုသဖြင့် အသေအချာထုတ် ပိုးပြီး ပို့ပေးမည့် အမျိုးအစားဖြစ်သည်။ ဈေးနှုန်းနှင့် ဘားကုတ်တို့သည် ထုတ်ပိုး ထားသည့် အခွံပေါ်တွင် ပါလိမ့်မည်။ ဒီလိုဆို ထိုထုပ်ပိုးပစ္စည်းများကို ဘယ်မှာ ထားပါလိမ့်။ သူက တစ်နေရာရာမှ ဝယ်လာပြီး အမှိုက်ပုံးတစ်ခုခုတွင် လက်စ ဖျောက်ခဲ့ခြင်းမျိုး ဖြစ်လိမ့်မည်။

သူက အင်တာနက်ကနေ ဝယ်တာဖြစ်မှာပေါ့။ ဒါမျိုးကို သီးသန့်ရိုက်တဲ့ ဝက်ဘ်ဆိုဒ်တွေ ရှိလိမ့်မယ်။ မိန်းကလေးတွေ၊ ဆယ့်နှစ်နှစ်သမီးလောက်ပုံစံမျိုးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရိုက်တာမျိုးပဲ မရှိပါစေနဲ့လို့ ဆုတောင်းရမှာပဲ။

"ထားလိုက်တော့"

သူမက နှုတ်မှရေရွတ်ရင်း ခေါင်းတစ်ချက်ခါသည်။ ဒါသည် ဒီနေရာမှာတင် မေ့ပစ်လိုက်ရမည့်ကိစ္စ။ အစ မဖော်သင့်တော့သည့် အရာ။ အကယ်၍ ဒီည သူ ဖုန်းဆက်လာစဉ်တွင် ဖြစ်စေ၊ ခရီးက ပြန်ရောက်သည့်အချိန်တွင်ဖြစ်စေ သူမက ဒီကိစ္စကို ပြောလိုက်ပါက ရှက်ပြီး အသည်းအသန် ခုခံကာကွယ်လိမ့်မည်။ သူမကို ငတုံးမကြီးတစ်ကောင်၊ လိင်မှုကိစ္စအကြောင်း ဘာမှနားမလည်သည့် ငနုံမကြီးလို တစ်မျိုး၊ စိုးရိမ်လွန်သည်ဟု တဖုံ စွပ်စွဲပေလိမ့်မည်။ ထို့ကြောင့် သူမက မသိချင်ယောင် ဆောင်ပေးလိုက်တော့မည်။ အိမ်ထောင်ရေး ဆိုသည်က အဆက်မပြတ် တည်ဆောက်နေရသည့်၊ အခန်းအသစ်များ တိုးချဲ့ပြင်ဆင်နေရသည့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု မဟုတ်လား။ ပထမဆုံးနှစ်တွင် အိမ်ကလေးက တဲပုတ်သာသာ။ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လာရင်း နှစ်ဆယ့်ခုနစ်နှစ်ကြာတော့ အိမ်ကြီးရခိုင် ဖြစ်နေလေပြီ။ မလိုချင်တော့သော အဟောင်းအမြင်းများ၊ မကြည့်ချင် မမြင်ချင်တော့သည့် အတိုအစများဖြင့် ပြည့်နေသော စတိုခန်းများလည်း ပါပေလိမ့်မည်။ သို့သော် ဘယ်အရာကမှ မဖြေရှင်းနိုင်လောက်အောင် ကြီးကျယ်ခြင်းမျိုး မရှိ။ အိမ်တွင်ပြည့်လာပါက ထိုအမှိုက်သရိုက်များကို လွှင့်ပစ်လိုက်ရုံသာ။

သူမက ထိုအတွေးကို သဘောကျပြီး အသံထွက်ပြောမိသည်။

"ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ဘူး"

ထိုအတွေးကို သက်သေပြရန် သူမက ထိုစက္ကူဖာကို လက်နှစ်ဖက်ဖြင့် နံရံဘက်သို့ အားစိုက်ရင်း တွန်းသည်။

ထိုစဉ် အနောက်တွင် တစ်ခုခုကို တိုက်မိသွားသည်။ ဘာများပါလိမ့်။

ငါ မသိချင်တော့ဘူး။

သူမ အသံထွက်ပြီး ညည်းညူမိသည်။ ထိုအတွေးက ဦးနှောက်၏ ကြောင်တောင်တောင်အပိုင်းမှ လာခြင်းမဟုတ်ဘဲ အလွန်ထက်မြက်သောနေရာမှ ထွက်လာခြင်း ဖြစ်သည်။ အလုပ်စားပွဲအောက် အမှောင်ရိပ်ခပ်ကျကျတွင် ကြွက်တွေရှိမည်။ အသေအချာ ဆောက်လုပ်ထားသော ယခုဂိုဒေါင်လို နေရာမျိုးတွင်ပင် ကြွက်ရှိနိုင်သည်။ အလွန်အေးပြီး အစာရှာရခက်သော ယခုလိုရာသီမျိုးတွင် ကြွက်တွေက တွေ့ကရာကို ကိုက်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါစီက မတ်တတ်ရပ်လိုက်ပြီး အပေါ်ထပ် အိမ်ဝတ်ကုတ်အင်္ကျီမှ ဒူးကို သုတ်ပစ်လိုက်ပြီး ဂိုဒေါင်ထဲမှ ထွက်လာခဲ့သည်။ ဆောင်ကူးလမ်းကြား တစ်ဝက် လောက်ရောက်ချိန် ဖုန်းမြည်သံကို ကြားလိုက်ရသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

အလိုအလျှောက် ဖြေကြားစက် မဖြေခင်တည်းက သူမက မီးဖိုချောင်သို့ ပြန်ရောက်သော်လည်း ဖုန်းကိုမကိုင်ဘဲ စောင့်နေမိသည်။ အကယ်၍ ဆက်လာသူက ဘော့ဘ်ဆိုလျှင် သူမက စက်ကိုသာ သူမကိုယ်စား ဖြေကြားစေလိုက်မည်ဟု စဉ်းစားထားသည်။ လတ်တလော သူနှင့် စကားမပြောချင်သေး။ သူမအသံထဲမှုမမှန်ခြင်းကို သူရိပ်မိသွားလိမ့်မည်။ လမ်းထိပ်ကစတိုးဆိုင် သို့မဟုတ် အခွေငှားဆိုင်သွားသည်၊ နောက်တစ်နာရီလောက်ကျမှ ပြန်ခေါ် လိမ့်မည်ဟု ထင်ပါစေတော့။ နောက်ထပ် တစ်နာရီကြာလျှင် သူမရင်ထဲက အစိုင်အခဲသည်လည်း ပျောက်ကွယ်သွားပြီး ကောင်းမွန်စွာ စကားပြောနိုင်လိမ့်မည် ထင်မိသည်။

သို့သော်လည်း ဆက်လာသူက ဘော့ဘ်မဟုတ်ဘဲ သားဖြစ်သူ ဒွန်နီဖြစ်နေ၏။

"အာ. . . ပြောစရာရှိပါတယ် ဆိုမှကွာ"

သူမက ဖုန်းကို ကောက်ကိုင်လိုက်ပြီး ကောင်တာတွင်မှီကာ ပြန်ဖြေလိုက်သည်။

"ကဲ. . . ပြော။ အခုပဲ အမေ ကားဂိုဒေါင်ထဲက ပြန်လာတာ"

ဒွန်နီက သတင်းကောင်းကို အလောသုံးဆယ် ပြောသည်။ သူက လက်ရှိတွင် အိုဟိုင်းရိုးနယ် ကလိဗ်လင်းမြို့တွင် နေထိုင်နေပြီး နှစ်နှစ်တာမျှ ယင်းမြို့၏

mgyoe.com

အကြီးဆုံးရှေ့နေအဖွဲ့တွင် လူသစ်တန်းအနေဖြင့် ပေးဆပ်ခဲ့ပြီးနောက် သူငယ်ချင်းတစ်ယောက်နှင့်တွဲကာ ခွဲထွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဘော့ဘ်က အပြင်းအထန်ကန့်ကွက်သည်။ ဒွန်နီနှင့် သူ့မိတ်ဆွေတို့ ပထမနှစ်တွင် စီးပွားရေး ချေးငွေမရနိုင်ဆိုသည့် အကြောင်းပြချက်နှင့် ဖြစ်သည်။

ဖခင်ဖြစ်သူနှင့် စကားပြောရ အဆင်မပြေသည့်အကြောင်း ပြောပြတော့ ဒါစီက ပြန်ပြောဖြစ်သည်။ အချိန်က နွေဦးရာသီဆိုသော်လည်း ခြံနောက်ဘက်မြေကွက်လပ်တွင် နှင်းတွေက ဟိုနားတစ်ဆုပ် ဒီနားတစ်ဆုပ်စီ သစ်ပင်များနှင့် ခြုံပုတ်များပေါ် တင်ကျန်နေသေးသည်။

"သေချာစဉ်းစားစမ်း ဒွန်နီ။ မင်းရော၊ မင်းဘော်ဒါ ကင်န်ရော အသက်နှစ်ဆယ့်လေးနှစ် ရှိနေပြီ။ မင်းတို့ရဲ့ ကားအာမခံကိုတောင် နောက်တစ်နှစ်စာ ကိုယ့်ဘာသာ မဆောင်နိုင်သေးတဲ့ လူတွေကို ဘယ်ဘဏ်ကမှ လုပ်ငန်းစတင်ချေးငွေအနေနဲ့ ဒေါ်လာ ခုနစ်သောင်း ထုတ်ချေးမှာ မဟုတ်ဘူး။ အထူးသဖြင့် တစ်နိုင်ငံလုံး ဒီလိုစီးပွားရေး ကျဆင်းနေတဲ့ အချိန်ကြီးမှာပေါ့"

သို့သော်လည်း သူတို့နှစ်ဦးသား ဘဏ်ချေးငွေရခဲ့ပြီး တစ်ရက်တည်းမှာပင် ဖောက်သည်အကြီးစား နှစ်ဦးကိုလည်း ရခဲ့သည်။ တစ်ဦးက ကားအရောင်းကိုယ်စားလှယ်ဖြစ်ပြီး အသက်သုံးဆယ်ကျော်အရွယ်၊ ဝယ်သူကို ကြိုးစားပန်းစားဆွယ်နေသူ ဖြစ်သည်။ နောက်တစ်ဦးက သူတို့ကို ဘဏ်ချေးငွေ ထုတ်ချေးပေးခဲ့သည့် အင်ဒါဆင်နှင့် ဟေးဝပ်ဘဏ်မှ ဖြစ်သည်။ ဒါစီက ဝမ်းသာလွန်းသဖြင့် အော်မိရာ ဒွန်နီကလည်း ဝမ်းသာအားရ အော်သည်။ ဒီလိုနှင့် သူတို့သားအမိ မိနစ်နှစ်ဆယ်ကျော် စကားပြောဖြစ်ကြသည်။ စကားပြောနေစဉ် ကြားဖြတ်အဝင်ကောလ်က တတီတီနှင့် ဝင်လာသည်။

"ဘယ်သူဆက်နေတာလဲ" ဒွန်နီက မေးသည်။

"မင်း အဖေနေမှာပေါ့။ သူက အခု မွန်ပီလီယာ ရောက်နေတယ်။ စတီးလ်ပဲနီစေ့နောက် လိုက်နေတာလေ။ သူက တည်းတဲ့ဟိုတယ် ပြန်ရောက်ရင် ဖုန်းခေါ်နေကျ"

"သူရော ဘယ်လိုနေလဲ"

ကောင်းပါတယ်။ စိတ်ဝင်စားစရာ အသစ်တွေ့နေလေရဲ့။ သူမ စိတ်ထဲက ပြောဖြစ်သည်။

"ဒေါင်ဒေါင်ကို မြည်လို့"

mgyoe.com

mgyoe.com

သူမက ပြန်ဖြေသည်။ ဒါသည် ဘောဘ်အကြိုက်ဆုံးစကား။ ဒွန်နီက ရယ်သည်။ သားရယ်သံကို နားထောင်ရတာ သူမရင်ထဲ ချမ်းမြေ့ရပါသည်။

"ကလေးတွေရော"

"ကိုယ့်ဘာသာ ဖုန်းဆက်ပြီး ပြောကြည့်ပေါ့ ဒေါ်နယ်ရယ်"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ကျွန်တော် ဆက်ပါ့မယ်။ ဒါနဲ့ ညီမလေးရော"

"သူလည်း ကောင်းပါတယ်။ မင်္ဂလာဆောင်ဖို့ အလုပ်တွေ ရှုပ်နေမှာ ပေါ့လေ"

"နောက်နှစ် ဇွန်လဆိုတာထက် နောက်အပတ်လို့ အမေ ထင်နေတယ် မဟုတ်လား"

"ဒွန်နီ. . . မိန်းမတွေကို နားလည်အောင် မကြိုးစားရင် မင်းဘယ်တော့မှ မိန်းမရမှာ မဟုတ်ဘူး"

"ကျွန်တော် မလောပါဘူး အမေရာ။ ဒီအတိုင်းပဲ ကျွန်တော် ပျော်တယ်"

"အေးပါ။ အရာရာ သတိထားပြီး ပျော်"

"ကျွန်တော်က အရမ်းသတိထားပြီး အရမ်းယဉ်ကျေးတဲ့ကောင်ပါ။ ကဲ သွားစရာရှိသေးတယ် အမေရေ။ နောက်နာရီဝက်အတွင်း ကင်န်နဲ့ သွားသောက်ဖို့ ချိန်းထားသေးတယ်။ ကျွန်တော်တို့ ဒီကားကိစ္စ ဘယ်လိုလုပ်ရဦးမလဲ စဉ်းစားကြရဦးမယ်"

သူမက သိပ်အများကြီး မသောက်ဖို့ သတိပေးလိုက်ချင်သော်လည်း စိတ်ကို ပြန်ထိန်းလိုက်မိသည်။ သူ့ပုံစံက အထက်တန်းကျောင်းသား အရွယ်သာရှိသေးသော်လည်း သူမမျက်စိထဲ ကော်ဂျူရိုင်း ဝတ်စုံကလေးနှင့် ပန်းခြံထဲ စကူတာစီးနေသော ငါးနှစ်အရွယ် ကလေးလေးအဖြစ်သာ မြင်ယောင်နေမိသည်။ အခုတော့ ထိုကလေးလေးသည် လူလားမြောက်လာခဲ့ပြီ။ လူကြီးလေးတစ်ယောက်ဖြစ်လာပြီး ကိုယ်ပိုင်အစွမ်းအစနှင့် ကမ္ဘာကြီးကို ရင်ဆိုင်ရန် ပျံသန်းသွားဖို့ အသင့်ဖြစ်နေခဲ့ပြီ။

"ကောင်းပြီလေ။ ဖုန်းဆက်လာလို့ ကျေးဇူးတင်ပါတယ် သားရယ်။ စိတ်ချမ်းသာစရာပါပဲ"

"တူတူပါပဲ။ သားဖုန်းဆက်တယ်လို့ အဖေ့ကို ပြောလိုက်ဦး။ သူ့ကိုလည်း သတိရပါတယ်လို့"

"အေးပါကွယ်"

"ဒေါင်ဒေါင်မြည်ပါစေဗျာ" ဒွန်နီက ပြုံးစစဖြင့် ပြန်ပြောသည်။ သူ့အသံ

mgyoe.com

mgyoe.com SAMPLE BOOK

ပေးထားတဲ့ ချာတိတ် ဘယ်နှယောက်တောင် ရှိပြီလဲ"

"အားလုံးပဲ"

ဒါစီက ရေခဲ့သေတ္တာကို ဖွင့်ပြီး ထောပတ်ချောင်းများ ကျန်သေးသလား ရှာနေရာက သူမ စိတ်ကို ထိန်းနေရသည်။ မဟုတ်သေးဘူး။

"အမေ့ကို ချစ်တယ်"

"အေးပါ သားရယ်။ အမေလည်း သားကိုချစ်ပါတယ်"

ဖုန်းချလိုက်တော့ စိတ်ကြည်သွားပြီး သူမ ပြုံးမိသည်။ သို့သော်လည်း ကောင်တာတွင် မှိုရင်းရပ်နေရာက မျက်နှာပေါ်မှ အပြုံးက ပျောက်ကွယ်သွား ပြန်သည်။

"သတ္တုချင်း ထိလိုက်တဲ့ အသံ"

သူမ ကက်တလောက် စာအုပ်များပါသည့် စက္ကူဖာကို ခုံတန်းအောက် တွန်းပြီး ပြန်ထည့်စဉ် သတ္တုချင်း ထိခတ်သံကို ကြားလိုက်ရသည်။ စက်ပြင်ပစ္စည်း တစ်ခုခု ပြုတ်ကျသဖြင့် ချွင်ခနဲ မြည်သည့်အသံမျိုး မဟုတ်ဘဲ အခေါင်းပေါက် ပါသည့် ပစ္စည်းတစ်ခု ပြုတ်ကျသည့် ခလွမ်းဆိုသည့် အသံမျိုး။

သွားစမ်းပါ။ အရေးလုပ်လို့။

တကယ်တန်းတော့ သူမ အရေးမလုပ်ဘဲ မနေနိုင်ပါ။ ခလွမ်းခနဲ မြည် လိုက်သံက မပြီးဆုံးသေးသော အလုပ်တစ်ခုနှယ်။ စက္ကူဖာကလည်း ထိုနည်းနှင်နှင်။ "ကြိုးတုတ်ထားသော ကောင်မများ" လို မဂ္ဂဇင်းများ ထပ်ရှိနေသေးသလား။

ငါ မသိချင်ဘူး။ ဟုတ်သော်ငြား ရှာကြည့်သင့်သည်ဟု သူမ ယူဆသည်။ လိင်မှုကိစ္စ ဆိုသည်က ပင်လယ်ရေလို သောက်လေ သောက်လေ ငတ်မပြေ မဟုတ်လား။ ထိုထို စာအုပ်မျိုး ရှာတွေ့သည်ဆိုကတည်းက နောက်ထပ်ရှိမှာ အသေအချာ။ သူလွှင့်ပစ်ဖို့ ဖွက်ထားသည် ဆိုဦးတော့ သူမသိသင့်သည်လေ။

အထူးခြားဆုံးက ခလွမ်းခနဲ မြည်သံ။ သူမနားထဲ ထိုအသံကို ကြား ယောင်နေမိပြီး မဂ္ဂဇင်းဆိုသည့်အရာထက် ပိုပြီး သိချင်နေမိသည်။

စင်ပေါ်မှ ဓာတ်မီးတစ်လက် ဆွဲယူလိုက်ပြီး သူမက ကားဂိုဒေါင်ဆီ ထွက်လာမိပြန်သည်။ အအေးဒဏ်ကြောင့် အနွေးထည်ကော်လာကို တင်းတင်း ဆွဲလိုက်သည်။ ဂျက်ကက်အင်္ကျီ ဝတ်လာလျှင် ကောင်းလေစွဟု အတွေးပေါက် မိပြန်သည်။ ရာသီဥတုကလည်း အတော်အေးလာပြီ မဟုတ်လား။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

ဒါစီက ဒူးထောက်ပြီး ကက်တလောက်စာအုပ်များပါသော စက္ကူဖာကို ဘေးသို့ တွန်းကာ အလုပ်စားပွဲအောက် ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ပထမတော့ သူမမြင်နေရတာ ဘာမှန်း သဘောမပေါက်။ အနက်ရောင် လိုင်းနှစ်လိုင်းက ပြောင်ချောနေသော ကြမ်းပြင်ကို ကန့်လန့်ဖြတ် တားထားသလို။ တစ်လိုင်းက နောက်တစ်လိုင်းထက် အနည်းငယ် ထူသည်။ နောက်တော့ စိတ်လှုပ်ရှားမှုကြောင့် သူမဗိုက်ထဲက တစ်စုံတစ်ခုက ရုန်းကြွလာသည်။ ရင်ညွန့်ရိုးအောက် အစာအိမ်နေရာမှ လုံးပြီးတက်လာခြင်းမျိုး။ ဒါသည် အံ့ဖွယ်တစ်ခုပါလား။

ထားလိုက်စမ်းပါ ဒါစီရယ်။ ဒါ သူ့အလုပ်ပါ။ နင့်စိတ်နင် အေးအေးဆေးဆေး ရှိချင်တယ်ဆို မသိချင်ယောင်ဆောင်လိုက်။

အကြံကောင်းဖြစ်သော်လည်း သူမ လက်လွန်နေပြီ။ ဘော့ဘ်၏ အလုပ်စားပွဲအောက် ဒူးထောက်တိုးဝင်ရင်း ဓာတ်မီးကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် ပင့်ကူအိမ်များကို အလိုအလျောက် ဖယ်ရှားမိသော်လည်း ဘာမှမရှိ။ အကယ်၍များ သူမသည် ခပ်ထုံထုံ မိန်းမတစ်ယောက်ဖြစ်ပါက သူမမျက်စိထဲ ချစ်လင်သည်လည်း ထိပ်ပြောင်ပြောင်၊ အကြွေစေ့ စုဆောင်းရတာ သဘောကျသော၊ တောတွင်းကင်းထောက် လုပ်ရတာ ဝါသနာထုံပြီး အရာရာကို သပ်ရပ်တိကျစွာ နေတတ်သူတစ်ယောက် ဖြစ်နေဦးမည်သာ။

mgyoe.com

mgyoe.com SAMPLE BOOK

သူကိုယ်တိုင်ကလည်း ဒီအောက်ကို ခဏခဏ ဝင်နေလို့ ဘာပင့်ကူအိမ် မှဖွဲ့ဖို့ အချိန်မရှိတာပေါ့။

တကယ်ဟုတ်မဟုတ် ဆိုသည်ကိုတော့ သူမကိုယ်တိုင်လည်း မသေချာ။

သို့သော်လည်း သူမ သဘောပေါက်သလို ထင်မိသည်။

အကွဲကြောင်းက ရှစ်လက်မခန့်ရှည်သော ကြမ်းခင်းပြား၏ ထိပ်တစ်ဖက် တစ်ချက်စီတွင် ရှိနေပြီး အလယ်ခေါင်တွင် ဆုံလည်ပုံစံဖြစ်နေသည်။ သူမက စက္ကူဖာကို အားသုံးပြီး ယင်းခလုတ်ကို တွန်းတိုက်ပစ်လိုက်သော်လည်း ခလွမ်းခနဲ အသံမြည်မလာ။ ကြမ်းခင်းပြား၏ အစွန်းတစ်ဖက်ကို အားဖြင့် ဖိတွန်းကြည့်ရာ တစ်ဖက်သို့ လည်ပြီး ပွင့်သွားသည်။ ကြမ်းပြင်တွင် ရှစ်လက်မခန့်ရှည်ပြီး တစ်ပေ (သို့မဟုတ်) တစ်တောင်ခန့်အနက်ရှိသော အံဝှက်တစ်ခုပေါ်လာ၏။ နောက်ထပ် အပြာမဂ္ဂဇင်းများ လိပ်ပြီး ထည့်ဝှက်ထားဦးမည် ထင်ခဲ့သော်လည်း မည်သည့် မဂ္ဂဇင်းမှ မတွေ့။ ထိုအစား သူမ အသေအချာမှတ်မိသော သစ်သားသေတ္တာလေး ကို တွေ့လိုက်ရသည်။ ယင်းသေတ္တာကလေးက ခလွမ်းခနဲ အသံမြည်ခြင်း ဖြစ်မည်။ အံဝှက်အစွန်းတစ်ဖက်တွင် ရှိနေသော ထိုသေတ္တာကလေးက ကြမ်းခင်းကို လှည့် လိုက်စဉ် အရှိန်နှင့်ရွေ့ပြီး ဒေါင့်ကပ်သွားခြင်း ဖြစ်မည်။

သူမက အံဝှက်ထဲ လက်နှိုက်ပြီး ထိုသေတ္တာကလေးကို လှမ်းယူလိုက် သည်။ ဝက်သစ်ချသား သေတ္တာကလေးဖြစ်ပြီး လွန်ခဲ့သည့် ငါးနှစ်ကျော်ခန့်က ဘော့ဘ်အတွက် ခရစ္စမတ်လက်ဆောင်အဖြစ် ပေးထားခြင်းဖြစ်သည်။ သို့မဟုတ် သူ့အတွက် မွေးနေ့လက်ဆောင်လေလား သူမ မမှတ်မိတော့။ သေချာတာက ကာဆယ်ရော့ခ်ရှိ လက်မှုပစ္စည်းအရောင်းဆိုင်မှ ဝယ်ခဲ့သည်ဆိုသည့် အချက်သာ။ အဖုံးတွင် လက်ဖြင့် ထွင်းထားပြီး ပတ္တာတွင် ချိန်းကြိုးကလေးပါ၏။ ထိုချိန်းကြိုး ကလေး အောက်တွင် သေတ္တာကလေး၏ ရည်ရွယ်ရင်း ဖြစ်သော “လက်ကြယ်သီး” ဆိုသည့် စကားလုံး။ ဘော့ဘ်တွင် အတော်ကောင်းပြီး တန်ဖိုးရှိသော ရှပ်အင်္ကျီ လက်ကြယ်သီးများ ရှိသည်။ သို့ရာတွင် အလုပ်သို့ သွားလျှင်တော့ ကြယ်သီးတွဲ လျက်ပါသော ရှပ်အင်္ကျီမျိုးသာ အဝတ်များ၏။ ထိုစဉ်က ဤသေတ္တာကလေးသည် သူ့ပစ္စည်း တိုလီမိုလီကလေးများ မပျောက်မပျက်အောင် သိမ်းဆည်းပေးနိုင်မည် ဟု သူမ အတွေးပေါက်ခဲ့ကြောင်း ပြန်သတိရလာသည်။ လက်ဆောင်ပေးပြီးစ အချိန်လောက်က သူ့အိပ်ရာဘက်ခြမ်းတွင် ခဏ တွေ့လိုက်သေးသော်လည်း နောက်ပိုင်းတွင် ဒါစီ မတွေ့မိတော့။ လက်စသတ်တော့ သေတ္တာကလေးက

mgyoe.com

mgyoe.com

သူ့စက်ပြင်စားပွဲအောက်မှ အံဝှက်ထဲ ရောက်နေခြင်းပါလား။ ဒီအတိုင်းဆို (သူ့စကားအတိုင်းဆိုလျှင် လောင်းပင် လောင်းလိုက်ချင်သေးတော့) အတွင်းတွင် ရှိနေမည့်အရာမှာ လက်ကြယ်သီး မဟုတ်တာ မေးနေစရာပင် မလို။

ဒါဖြင့်လည်း မကြည့်နဲ့တော့ပေါ့။

အကြံကောင်းဖြစ်သော်လည်း သူမအတွက် နောက်ဆုတ်ဖို့ လမ်းမရှိတော့ပြီ။ မိန်းမသားပီသစွာပင် ကာစီနိုဝိုင်းတွင် ရှိသမျှ ပုံအောလောင်းသူတစ်ယောက်လို ရင်တထိတ်ထိတ်ဖြင့် သူမက သေတ္တာကလေးကို ဖွင့်လိုက်သည်။

ဘာမှ မရှိပါစေနဲ့။ ဘုရားရေ. . . တပည့်တော်မကို စောင်မကြည့်ရှုပါ။ အထဲမှာ ဘာမှ မရှိပါစေနဲ့။

သို့ရာတွင် သူမ ဆုတောင်း မပြည့်ခဲ့ပါ။ အထဲတွင် သားရေကွင်းပတ်ထားသော ရှည်မျောမျော ပလတ်စတစ်ကတ်ပြား သုံးခု။ ဒါစီက ထိုအရာများကို ရွံစရာကောင်းသည့် ပစ္စည်းများကို ကိုင်သလို လက်ဖျားထိပ်ကလေးဖြင့် ကောက်ယူ ဆွဲထုတ်လိုက်ပြီး သားရေကွင်းကို ဖြေကြည့်သည်။

ထိုကတ်များက သူမ အစက ထင်ထားသလို ဘဏ်ကတ်များ မဟုတ်။ အပေါ်ဆုံးကတ်ပြားက ကြက်ခြေနီ သွေးလှူရှင်ကတ်ပြား။ ပိုင်ရှင်က မာဂျိုရီ ဒူဗော်လ်။ သွေးအုပ်စု အေ (+)။ နယူးအင်္ဂလန်မှ ဖြစ်သည်။ ကတ်ပြားကျောဘက်သို့ လှန်ကြည့်လိုက် သော် မာဂျိုရီက ၂၀၁၀ ဩဂုတ် ၁၆ တွင် နောက်ဆုံး သွေးလှူခဲ့သည်ဟု ရေးထားသည်။ အချိန်က လွန်ခဲ့သည့် သုံးလခန့်က ဖြစ်သည်။

မာဂျိုရီ ဒူဗော ဆိုတာ ဘယ်သူများလဲ။ ဘော့ဘ်နှင့် ဘယ်လို သိတာလဲ။ ဘာကြောင့် သံသယမှိန်မှိန်ကလေး၏ သတိပေးခေါင်းလောင်းသံက ဒီလောက်ကျယ်ရတာပါလိမ့်။

နောက်တစ်ကတ်က မာဂျိုရီ ဒူဗော၏ မြောက်ဘက်ကွန်းဝေးနယ် စာကြည့်တိုက် အသင်းဝင်ကတ် ဖြစ်၏။ လိပ်စာက အမှတ် ၁၇ ဟန်နီလမ်းသွယ်၊ တောင်ဂန်းဆက်၊ နယူးဟမ့်ရှိုင်းယားနယ် ဖြစ်၏။

နောက်ဆုံးတစ်ကတ်က နယူးဟမ့်ရှိုင်းယားနယ်မှ ထုတ်ပေးထားသော မာဂျိုရီဒူဗော၏ ယာဉ်မောင်းလိုင်စင် ဖြစ်သည်။ သူမပုံစံက အသက်သုံးဆယ်ကျော်အရွယ် သာမန် ရွက်ကြမ်းရေကျို အမျိုးသမီးတစ်ဦးဖြစ်ပြီး ထူးကဲစွာ မလှပသော်လည်း ကြည့်ပျော်ရှုပျော် ရှိ၏။ အညိုရင့်ရောင် ဆံပင်ကို နောက်ကျောဘက်တွင် မြင်းမြီးပုံ ချည်ထားသည်ဟု ထင်ရ၏။ ဓာတ်ပုံထဲတွင်တော့ အသေအချာ မပြောနိုင်။

mgyoe.com

mgyoe.com SAMPLE BOOK

မွေးနေ့က ၁၉၇၄ ဇန်နဝါရီလ ၆ရက်။ လိပ်စာက စာကြည့်တိုက်ကတ်ထဲက အတိုင်း ပင်။

သူမထံမှ စင်ရော်သံ ခပ်စူးစူးထွက်နေမှန်း ဒါစီ သတိထားမိသွားသည်။ ယင်းအသံက သူမလည်ပင်းထဲမှ ထွက်နေခြင်းဖြစ်ပြီး ကြောက်စရာကောင်းသော်လည်း သူမကိုယ်တိုင် ထိန်းချုပ်မရ။ ဗိုက်ထဲ ခဲတစ်လုံးဆွဲထားသလို လေးလံလာမှန်း ခံစားနေရသည်။ ယင်းခဲလုံးက သူမကို အောက်ဘက်သို့ ဆွဲချနေသလို၊ မနှစ်မြို့သည့် ပုံစံတစ်ခုအဖြစ် ဆွဲဆန့်ပစ်နေသလို ခံစားနေရသည်။ မာဂျိုရီ ဒူဗောဏ်မျက်နှာကို သူမ သတင်းစာထဲ တွေ့ခဲ့ဖူးသည်။ ညနေ ခြောက်နာရီ သတင်းများထဲတွင်လည်း မြင်ခဲ့ဖူးသည်။

သူမလက်များ ထုံထိုင်းပြီး ခံစားချက်မဲ့စွာ သားရေကွင်းကို ကတ်ပြားများပေါ် ပြန်ပတ်လိုက်ရင်း ဘူးထဲ ပြန်ထည့်ကာ အံ့ဝှက်ထဲ ထည့်ပေးလိုက်သည်။ ထိုအံ့ကို ပိတ်ရန်ပြင်နေစဉ် သူမနှုတ်မှ တကိုယ်တည်း အသံထွက်ပြီး ပြောနေမိပြန်သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး။ ဒါ အမှန်မဟုတ်ဘူး။ မဖြစ်နိုင်ဘူး"

ယင်းအသံသည် ငတုံးမ ဒါစီ့အသံလား၊ ထက်မြက်တဲ့ မိန်းမသား ဒါစီ့အသံလေလား ဝေခွဲမရ။ သူမ သိသည်က ငတုံးမဒါစီသည် ဘူးကို ဖွင့်လိုက်သူ။ ထိုငတုံးမ ကျေးဇူးကြောင့် အခုတော့ သူမစိတ်ဓာတ်တွေက ကုန်းကောက်မရအောင် အဝီစိအထိ ထိုးဆင်းသွားချေပြီ။

ဘူးကို ပြန်ထုတ်ယူပြီး စဉ်းစားကြည့်သည်။

ဒါ အမှားအယွင်းတစ်ခုပဲ။ ဒီလိုပဲ ဖြစ်မှာပါ။ ငါတို့နှစ်ယောက် လက်ထပ်ထားတာ သက်တမ်းတစ်ဝက်ကျော်ပြီ။ ငါသိတယ်။ ငါသိနေမှာပါ။

ဘူးကို ဖွင့်လိုက်ပြီး ဆက်စဉ်းစားပြန်သည်။

လူတိုင်းက တစ်ယောက်ကို တစ်ယောက် သိကြရဲ့လား။

ဒီညမတိုင်ခင် သူမကိုယ်တိုင် ဒီလိုသာ ယုံကြည်ခဲ့မိသည်။

မာဂျိုရီ ဒူဗောဏ် ယာဉ်မောင်းလိုင်စင်က အခုတော့ အစီး၏အပေါ်ဆုံးတွင် ရောက်နေ၏။ နဂိုက အစီး၏အောက်ဆုံးတွင် ဖြစ်မည်။ ဒါစီက အောက်ဆုံးတွင် ပြန်ထည့်လိုက်သည်။ သို့သော် ကြက်ခြေနီကတ်နှင့် စာကြည့်တိုက်ကတ်တွင် ဘယ် ဒင်းက အပေါ်ဆုံး ဖြစ်မည်နည်း။ နှစ်ကတ်အနက်မှ တစ်ကတ်က အပေါ်သို့ ရောက်ရမည်။ ရိုးရိုးရှင်းရှင်းကလေးသာ။ သို့သော်လည်း သူမ၏ စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

က လှုပ်ရှားလွန်းသဖြင့် အသေအချာ မမှတ်မိ။ စာကြည့်တိုက်ကတ်ကို အပေါ်ဆုံးတွင် ထားကြည့်လိုက်ပြီး ချက်ချင်းပင် မှားမှန်း သတိထားမိသွားသည်။ အဘယ်ကြောင့်ဆိုသော် သူမ ဘူးကို ဖွင့်လိုက်ချင်း တွေ့လိုက်ရသည်က အနီရောင်။ သွေးလိုချင်းချင်းနီသည့် အနီရောင်။ သွေးလှူရှင်ကတ် အနီရောင်က အပေါ်ဆုံးမှာဖြစ်ရမည်။

သူမက ကတ်ပြားများကို စီပြီး သားရေကွင်းပြန်စီးနေချိန် အိမ်ထဲက ဖုန်းက ထမြည်သည်။ သူဆက်တာ ဖြစ်မည်။ ဘော့ဘ်က ဗားမွန့်မှ ဖုန်းခေါ်ခြင်း။ မီးဖိုဆောင်ထဲမှ ဖုန်းကို ကိုင်လိုက်လျှင် ထုံးစံအတိုင်း ချိုမြနေသော သူ့အသံကို ကြားရမည်ဖြစ်သည်။

"ဟေး. . . မိန်းမရေ. . . ဘယ်လိုလဲ"

သူမ လက်ချောင်းများက တဆတ်ဆတ်တုန်နေပြီး သားရေကွင်းက လက်ထဲမှ လွင့်ထွက်သွားရာ လန့်ပြီး လွှတ်ခနဲ အော်လိုက်မိသည်။ အကြောက်တရားကြောင့်လား၊ စိတ်ပျက်မှုကြောင့်လား သူမကိုယ်တိုင်လည်း မသဲကွဲလှ။ သို့သော်လည်း အမှန်အတိုင်းဆိုရလျှင် ဘာများကြောက်စရာရှိသနည်း။ နှစ်ဆယ့်ခုနစ်နှစ်တာ အိမ်ထောင်သက်တမ်းတစ်လျှောက် သူက သူမကို လက်ဖြင့်ပင် မရွယ်ခဲ့စဖူး။ စိတ်အခန့်မသင့်သည့် တစ်ကြိမ်တလေသာ အသံအနည်းငယ်မြှင့်ပြီး ပြောခဲ့ဖူးသည်။

ဖုန်းက ဆက်တိုက်မြည်နေရင်း အသံက တိခနဲ ရပ်သွားသည်။ သူအသံသွင်း မက်ဆေ့ချ် ချန်ရစ်လိမ့်မည်။

"မင်းကို ဖုန်းဆက်တာ လွဲပြန်ပြီပေါ့။ ကို စိတ်မပူရအောင် ဖုန်းပြန်ခေါ်စမ်းပါကွယ်။ နံပါတ်က. . . "

သူက အခန်းနံပါတ်ပါ ပြောခဲ့သည်။ ဘယ်အရာကိုမှ မလွတ်ရအောင် စေ့စေ့စပ်စပ် နိုင်လွန်းသည့် ဘော့ဘ်ပါကလား။

သူမ ထင်နေတာ လုံးဝမမှန်ပါ။ လူတစ်ယောက်၏ စိတ်အောက်ခြေနံ့ထဲတွင် နစ်မြုပ်နေသော မကောင်းဆိုးဝါးတစ်ကောင်က တစ်ခါတစ်ရံ ဖြုန်းခနဲ ထွက်ပေါ်လာခြင်းဖြစ်ပြီး စိတ်အမှတ်မှား၊ အစိုးရိမ်လွန်ခြင်းမျိုး ဖြစ်ပေလိမ့်မည်။ ဥပမာ - အစာချဉ်ပြန်ခြင်းကို နှလုံးရောဂါ၊ ခေါင်းကိုက်ခြင်းကို ဦးနှောက်အကျိတ်ကင်ဆာ၊ တနင်္ဂနွေနေ့တွင် သမီးဖြစ်သူ ပီထရာ ဖုန်းမဆက်လျှင် ကားအက်ဆီးဒင့်တစ်ခုခုဖြစ်ပြီး ဆေးရုံတွင်သတိလစ်နေပြီဟု အစိုးရိမ်လွန်ခြင်းမျိုးနှင့် ဆင်တူပေ

mgyoe.com

mgyoe.com SAMPLE BOOK

လိမ့်မည်။ သို့ရာတွင် ထိုထိုသော ထင်မှတ်မှားမှုမျိုးက နံနက်လေးနာရီလောက်တွင် ထွက်ပေါ်လာတတ်ခြင်းဖြစ်သည်။ အထူးသဖြင့် သူမ၏ အိပ်ပျက်ညများတွင် ဦးနှောက်ထဲမှ ထွက်လာတတ်သည်။ ညနေ ရှစ်နာရီအချိန်မျိုးတွင် ဖြစ်လာတတ်ခြင်းမျိုး မဟုတ်။ လွင့်ထွက်သွားသော သားရေကွင်းက ဘယ်ရောက်သွားပါလိမ့်။

နောက်ဆုံးတော့ သူမက သားရေကွင်းကို နောက်တစ်ကြိမ် ထပ်မမြင်ချင်သော ကက်တလောက်အပုံ အနောက်ဘက်နားတွင် သွားတွေ့သည်။ သူမက ယင်းသားရေကွင်းကို ကောက်ယူကာ အိပ်ထဲထည့်လိုက်ပြီး သတိလက်လွတ်ဖြင့် ထလိုက်ရာ စားပွဲအောက်ခြေနှင့် ခေါင်းကို ဆောင့်မိသည်။ ဒါစီ ငိုမိတော့သည်။

အလုပ်စားပွဲ အံဆွဲထဲတွင် သားရေကွင်းဟူ၍ တစ်ကွင်းမှ မတွေ့သောအခါ သူမ ပိုပြီး သည်းထန်စွာ ငိုမိပြန်သည်။ သူမက ကတ်ပြားများကို အင်္ကျီအိတ်ကပ်ထဲ ကောက်ထည့်ကာ လေထန်နေသော ဆောင်ကူးလမ်းကြားကို ဖြတ်ပြီး သားရေကွင်းများ၊ စာရွက်တွဲသည့် ကလစ်များ၊ ပေါင်မုန့်ထည့်သည့် အိတ်ပိတ်သည့် သတ္တုကြိုးကလေးများ၊ ရေခဲသေတ္တာတွင် ကပ်သည့် ဆွဲအားနည်းသွားသော သံလိုက်များလို တိုလီမိုလီများ ထည့်ထားသော မီးဖိုချောင် အံဆွဲကလေးဆီ ထွက်လာခဲ့သည်။ သူမ တွေ့လိုက်ရသည်က ဒါစီ့စည်းကမ်းဟူသော ဘူးကလေး။ ဘော့ဘ်ထံမှ လက်ဆောင်ရထားသော ခြေအိတ်ထည့်သည့် သေတ္တာကလေး။

စားပွဲပေါ်မှ ဖုန်းက မီးနီလေး မှိတ်တုတ် မှိတ်တုတ် လင်းနေ၏။ မက်ဆေ့ချ် ရှိသည်ဟု ဆိုနေသယောင်။

သူမက ဂိုဒေါင်ထဲသို့ ခပ်သွက်သွက် ပြန်ဝင်လာခဲ့သည်။ ကုတ်အင်္ကျီကော်လံကို ထောင်ရန်ပင် သတိမရ။ ခန္ဓာကိုယ်တွင်းမှ အအေးဓာတ်က ပြင်ပအအေးဒဏ်ထက် ပိုပြီးပြင်းထန်နေရကား သူမမှာ အေးရမှန်းပင် အမှုမထားနိုင်တော့ချေ။ ထို့အပြင် ရင်ထဲမှ အလုံးကြီးက တဖြည်းဖြည်းပိုပြီး လေးလံလာပြီး အောက်ဘက်သို့ ဆွဲချနေသလို ခံစားနေရသည်။ သူမ အိမ်သာတက်မှ ဖြစ်တော့မည်။ ထိုစိတ်က ဆိုးရွားစွာ ဖြစ်လာနေသည်။

"ဘာမှ မဖြစ်ဘူး။ အောင့်ထားစမ်း။ ခရီးသွားနေတယ်လို့ စိတ်မှာ မှတ်ထားလိုက်။ နောက်ထပ် အိမ်သာတွေ့မယ့်နေရာက မိုင်နှစ်ဆယ်လောက်လိုသေးတယ်။ ပြီးအောင် လုပ်စမ်း။ အားလုံးကို သူ့နေရာနဲ့သူ ပြန်ထားလိုက်။ ပြီးရင်တော့ . . ."

ပြီးရင်ကော. . . သူမ ဘာလုပ်ရမည်နည်း။ မေ့ပစ်လိုက်ရမလား။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီအတိုင်းပဲ ဖြစ်ဖို့များသည်။

သူမက ကတ်ပြားများကို သားရေကွင်းဖြင့် စီးနေရင်း ယာဉ်မောင်းလိုင်စင်က အပေါ် ဆုံးရောက်နေသည်ကို သတိထားမိပြန်သည်။ "စောက်သုံးမကျလိုက်တဲ့ကောင်မ" ဟု ရေရွတ်လိုက်မိရင်း ချိုးချိုးနှိမ်နှိမ် ရေရွတ်လိုက်မိရာ ဘောဘ်သာရှိလျှင် သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သလို ခံစားရပေလိမ့်မည်ဆိုသည့် အတွေးက သူမ ခေါင်းထဲ တရေးရေး ပေါ်လာသည်။ သူသာဆို ဘယ်တော့မှ သူမကို ဒီလိုခေါ်မည် မဟုတ်။

"စောက်သုံးမကျတဲ့ ကောင်မပေါ့။ ဒါပေမဲ့ ကြိုးတုတ်ခံရတဲ့ ကောင်မတော့ မဟုတ်ဘူး"

သူမက ရေရွတ်လိုက်စဉ်မှာပင် ဗိုက်ထဲမှ ရစ်ပြီးနာလာသည်။ သူမက ဒူးထောက်လိုက်ပြီး အနာပျောက်သည်အထိ ထိုအတိုင်းငြိမ်ငြိမ်ကလေး ထိုင်နေလိုက်သည်။ အကယ်၍များ ဂိုဒေါင်ထဲတွင် အိမ်သာရှိပါက အပြေးအလွှား သွားမိပေလိမ့်မည်။ ဗိုက်ရစ်တာပျောက်တော့ သူမက ကတ်ပြားများကို သွေးလှူရှင်ကတ်၊ စာကြည့်တိုက်ကတ်၊ ယာဉ်မောင်းလိုင်စင်ကတ် စသည့် အစီအစဉ်အတိုင်း ပြန်စီပြီး လက်ကြယ်သီးထည့်သည့် သေတ္တာထဲ ပြန်ထည့်လိုက်သည်။ ထိုသေတ္တာကလေးကို ကြမ်းပြင်ပေါ်မှ အံဝှက်ထဲသို့ထည့်ပြီး ကြမ်းခင်းပြားကို နေရာချကာ လှည့်ပြီး ပြန်ပိတ်လိုက်သည်။ သူမ ဖွထားသော ကက်တလောက်စာအုပ်များကိုလည်း သူ့နေရာအတိုင်း ပြန်ထားလိုက်သည်။ အနည်းငယ် မညီမညာရှိပေမယ့် သူ သတိမထားမိလောက်ဟု ထင်ပါသည်။

"သေချာလား" ဆိုသည်ကိုတော့ သူမကိုယ်တိုင် မသေချာလှ။ သူမထင်သလို အကယ်၍များ သူသည်. . . မကောင်းဆိုးဝါးတစ်ယောက် ဖြစ်သည်ဆိုပါက အချိန်ကြာမြင့်စွာပင် အလွန်သတိကြီးသူ ဖြစ်ပေလိမ့်မည်။ လွန်ခဲ့သည့် တစ်နာရီခန့်က ရီမုတ်ကွန်ထရိုးအတွက် ဓာတ်ခဲအသစ်ယူရန် ဝင်သွားသည့်အချိန်အထိ ထိုအတွေးက မပေါ်သေး။ သူက အလွန်သတိကြီးသည်။ သပ်ရပ်သည်။ အရာရာကို အစီအရီ စနစ်တကျရှိပြီး၊ သေသပ်လွန်းသူ။ သို့ရာတွင် ထိုပလတ်စတစ်ကတ်ပြားများက သူသည် သဘာဝလွန်ဆန်စွာ သတိကြီးလွန်းသည်။ ယုတ္တိ မဆန်စွာ စောင့်ကြည့်နိုင်လွန်းသူ။ တစ်လုံးတည်းပြောရလျှင် လှည့်စားတတ်လွန်းသူ။

ထိုစကားလုံးသည် ဘောဘ်ကို ရည်ညွှန်းရမည့် စကားလုံးမှန်း ဒီညမတိုင်ခင်အထိ သူမ မတွေးခဲ့စဖူး။

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူး"

သူမက လူသူမရှိသော ဂိုဒေါင်ကြီးကို တစ်ကိုယ်တည်း ပြောမိခြင်း။ တစ်ကိုယ်လုံး ချွေးများနစ်နေပြီး ဆံပင်က မျက်နှာပေါ်မှ ချွေးစေးကြောင်းများဖြင့် ကပ်ကာ အချွန်အတက်များပုံစံ ဖြစ်နေသည်။ လက်များ ခြေထောက်များက တုန်ယင်နေပြီး ပါကင်ဆန် ရောဂါသည်ပုံ ပေါက်နေသော်လည်း သူမအသံက ထူးဆန်းပြီး သဘာ၀ မကျစွာ တည်ငြိမ်လွန်းနေ၏။

"မဟုတ်ဘူး။ ဒါ မှားနေတာ။ ငါ့ယောက်ျားက ဘီဒီ မဟုတ်ဘူး"

သူမ အိမ်ထဲ ပြန်ဝင်ခဲ့တော့၏။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

သူမက လက်ဖက်ရည်ဖျော်ရန် ဆုံးဖြတ်လိုက်သည်။ လက်ဖက်ရည်က စိတ်ကို တည်ငြိမ်စေသည်။ ရေနွေးအိုးကို ရေဖြည့်နေစဉ် ဖုန်းက ထပ်မြည်သည်။ သူမက ရေနွေးအိုးကို ဘေစင်ထဲသို့ ပစ်ချလိုက်ရာ ဒုန်းခနဲမြည်သံကြောင့် လန့်အော်မိသည်။ ထို့နောက် ဖုန်းဆီသို့ လျှောက်သွားရင်း လက်ကို ဝတ်ထားသော အနွေးထည်နှင့် သုတ်ပစ်လိုက်သည်။

စိတ်ကို ငြိမ်ငြိမ်ထားစမ်း။ သူတောင်မှ လျှို့ဝှက်ထားနိုင်သေးတာ. . . ငါလည်း လုပ်နိုင်ရမယ်။ ဒီဟာတွေ အားလုံးအတွက် သဘာဝကျတဲ့ အဖြေတစ်ခု ဆိုတာ ရှိရမယ်. . . သူမက တစ်ကိုယ်တည်း ရေရွတ်သည်။

တကယ်လား။

ပြီးတော့. . . အဲဒါ ဘာတွေလဲ ငါသေချာ မသိသေးဘူးလေ။ ဘာတွေလဲ ဆိုတာ ငါသေချာစဉ်းစားဖို့ အချိန်လိုတယ်။ ဒီလောက်ပဲ။ ဒါကြောင့် စိတ်ကို ငြိမ်ငြိမ်ထားစမ်း။

သူမက ဖုန်းကို ကောက်ကိုင်လိုက်ပြီး ခပ်ရွှင်ရွှင် ဖြေလိုက်သည်။

"ဖုန်းဆက်တာ ရှင်ဆိုရင် တန်းပြီး လာခဲ့လိုက်တော့။ ကျွန်မယောကျ်ား အိမ်မှာ မရှိဘူးရှင့်"

ဘော့ဘ်က ရယ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မိန်းမရေ ဘယ်လိုလဲ။ နေကောင်းရဲ့လား"

"ဒေါင်ဒေါင်မြည်ပါပဲတဲ့ရှင်။ ကိုရော"

တိတ်ဆိတ်မှုက ကြီးစိုးသွားသည်။ စက္ကန့်ပိုင်းသာ ကြာသော်လည်း ထို တိတ်ဆိတ်မှုက အတော်လေးကြာသည်ဟု ခံစားရသည်။ ရေခဲသေတ္တာ၏ မော်တာ လည်သံ၊ ရေနွေးအိုးထဲသို့ ဘေစင်ဘုံဘိုင်မှ ရေတစက်စက် ကျနေသံနှင့် သူမ နှလုံးခုန်သံတို့ကို ပြန်ကြားနေရသည်ဟု ခံစားနေရသည်။ သူမနှလုံးက လည်ပင်း ထဲအထိ တက်လာပြီး နားရွက်အနောက်ဘက်တွင် ခုန်နေသလို။ သူတို့နှစ်ဦး လက်ထပ်ခဲ့တာ နှစ်ကာလ ကြာရှည်လွန်းနေပြီး တစ်ယောက်အကြောင်း တစ် ယောက် သိလွန်းနေ၏။ စုံတွဲတိုင်း ဒီလိုပဲလား မပြောတတ်ချေ။ သိလည်း မသိပါ။ သူမတို့လင်မယားအကြောင်းသာ သူမ သိပါသည်။ အခုတော့ သူမကိုယ်တိုင်ပင် ဒီအတိုင်း ယုံကြည်သေးရဲ့လား မသေချာ။

"မိန်းမ. . . အသံက တမျိုးကြီးဖြစ်နေသလိုပဲ။ အားလုံး အဆင်ပြေရဲ့ လား အချစ်ရယ်"

ဒီစကားကြောင့် သူမစိတ်ထဲ ကျေနပ်သွားရမည် ဖြစ်သော်လည်း ထို အစား ကြောက်ရွံ့စိတ်က စိုးမိုးလာသည်။ မာဂျိုရီ ဒူဗောဆိုသည့် နာမည်သည် သူမ မျက်စိတွင် မြင်ယောင်နေရုံမက နီယွန်မီးရောင်စုံလို မှိတ်ချည်ဖွင့်ချည် ဖြစ် နေ၏။ တစ်ခဏတော့ သူမ ဘာပြန်ဖြေရမှန်း မသိ။ အကြောက်တရားကြောင့် တစ်သက်လုံး ရင်းနှီးကျွမ်းဝင်ခဲ့သည့် မီးဖိုဆောင်သည် သူမ မျက်လုံးထဲမှ စီးကျ လာသော မျက်ရည်များကြား မှုန်ရီဝေဝါးကုန်သည်။ ရင်ထဲမှ အလုံးကြီးက ပိုမို လေးလံလာသလို။ မာဂျိုရီ ဒူဗော. . . သွေးအုပ်စု အေ (+)၊ အမှတ် (၁၇)၊ ဟန်နီ လမ်းသွယ်။ ထိုအရာများက "ဟေး. . . အချစ်ရေ. . . ဘဝကြီးက ဘယ်လိုလဲ။ အားလုံး အေးဆေးပဲလား" ဟု မေးနေသယောင်။

"ကျွန်မ ဘရန်ဒွန်လင်းအကြောင်း တွေးနေတာ"

သူမနှုတ်မှ ထွက်သွားသော စကားသံများကို ပြန်ကြားလိုက်ရသည်။

"အိုး. . . အချစ်ရယ်"

စာနာသံအပြည့်ဖြစ်သော သူ့အသံတွင် လင်သည်ဖြစ်သူ ဘော့ဘ်ကို ပြန်တွေ့လိုက်ရသည်။ သူမ တစ်သက်လုံး ရင်းနှီးခဲ့သည့် လေသံ။ ဒီလူ့ကိုပင် ၁၉၈၄ ကတည်းက ယုံကြည်မှုအပြည့်ဖြင့် ပုံအပ်လက်ထပ်ခဲ့ခြင်း မဟုတ်လား။ ထိုကာလ မတိုင်မီကပင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်မှုဖြင့် ကိုးစား

mgyoe.com

mgyoe.com
SAMPLE BOOK

ခဲ့ကြခြင်းဖြစ်ရာ ထိုစာနာသံသည် သကာစွက်ထားသော အဆိပ်ရည်ဆိုသည့် အတွေးက ရှုံးလောက်ချင်စရာ ကောင်းနေ၏။ ထို့အပြင် လတ်တလော သူ့ကို လိမ်ညာနေရသည်ဆိုသည့် အချက်က ပိုပြီးရှုံးလောက်ချင်စရာ ဖြစ်နေပြန်သည်။ မဟုတ်ပါကလည်း ရှုံးသွပ်ခြင်းဟူသည် ပိုသည်လျော့သည် မရှိဆိုသည့် စကားအတိုင်းများ ဖြစ်နေမလား။

သူမ ဘာတွေ တွေးနေမိပါလိမ့်။

သူ့ဘက်က စကားဆက်ပြောနေသော်လည်း သူမက ဘာမှန်းမကြားလိုက်။

"ပြန်ပြောစမ်းပါဦး။ ကျွန်မ လက်ဖက်ရည် သွားယူနေလို့"

နောက်ထပ် မုသားတစ်ခု သုံးမိပြန်ပြီ။ သူမလက်များက ဘာကိုမှ မကိုင်နိုင်လောက်အောင် တုန်ယင်နေ၏။ သူမ အသံကတော့ မတုန်။ အနည်းဆုံးတော့ သူမ စိတ်ထဲ မတုန်ဟု ထင်မိသည် ဆိုပါတော့လေ။

"ကိုယ်ပြောနေတာက ဘာတွေဖြစ်နေသလဲလို့ . . . "

"ဒွန်နီက ဖုန်းဆက်လာပြီး သူ့ညီမလေးအကြောင်း မေးတယ်လေ။ အဲဒီတော့ ကျွန်မလည်း ကျွန်မညီမအကြောင်း တွေးမိတာပေ့ါ။ အပြင်ထွက်ပြီး ခဏလမ်းလျှောက်တယ်။ အပြင်မှာ အရမ်းအေးတော့ နည်းနည်း နှာစီးလာတယ်။ ကျွန်မ အသံမှာ သိသာနေတယ် မဟုတ်လား"

"ဟုတ်တာပေ့ါ။ ကို တန်းသိတာပဲ။ ဒီမယ် နားထောင်။ ကို မနက်ဖြန် ဘာလင်တန်သွားဖို့ မသွားတော့ဘူး။ အိမ်ပဲ တန်းပြန်လာမယ်"

သူမက ဟင့်အင်းဟု အော်မိတော့မတတ် ဖြစ်သွားသည်။ သို့ရာတွင် အော်မိလိုက်လျှင် ပိုဆိုးသွားနိုင်သည်။ သူ့အတွက် သံသယစိတ်ပိုကြီးပြီး ညတွင်းချင်းပင် ပြန်ချလာနိုင်သည်။

"အဲဒီလိုလုပ်ရင် ရှင့်ကို မျက်လုံးတည့်တည့် လက်သီးနဲ့ ထိုးမှာ"

သူက သူမ စကားကြောင့် ရယ်သည်။ သူ့ရယ်သံကြောင့် သူမ စိတ်ထဲ ပေ့ါသွားသည်။

"ရှင်ပဲ ချာလီဖရက်ဒီက ဘာလင်တန်အိမ်ရာအရောင်းပွဲကို သွားကြည့်သင့်တယ်လို့ ပြောတယ်ဆို။ သူ့အဆက်အသွယ်တွေကလည်း ပေါ. . . သူ့တွက်ကိန်းတွေကလည်း မှန်တတ်တယ်ဆို။ ရှင်ပဲ ပြောပြီးတော့"

"ဟုတ်ပါတယ်။ ဒါပေမဲ့ မင်းတစ်ယောက်တည်း ဒီလိုမျိုး စိတ်ဓာတ်

mgyoe.com